# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်စဉ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် ဆရာတော်ကြီးများက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်

နေပြည်တော် ဧပြီ ၁၇

ပြည်သူများ ဘေးအန္တရာယ်အပေါင်း ကင်းရှင်းပြီး ငြိမ်းချမ်းသာယာစေရေးအတွက် ယနေ့နံနက် ၇ နာရီတွင် ဆရာတော်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပြီး ပရိတ်ရေများ ပက်ဖျန်းတော်မူကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁*


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Anwar Ibrahim နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်မှ ပြန်လည်ထူထောင်ရေးတွင် အာဆီယံအသိုက်အဝန်းမှ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကူညီဆောင်ရွက်ရေး၊ မြန်မာ-အာဆီယံအသိုက်အဝန်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် H.E. Anwar Ibrahim နှင့် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်မှ ပြန်လည်ထူထောင်ရေးတွင် အာဆီယံအသိုက်အဝန်းမှ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကူညီဆောင်ရွက်ရေး၊ မြန်မာ-အာဆီယံအသိုက်အဝန်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

၎င်းတွေ့ဆုံပွဲ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Thaksin Shina-watra လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ယနေ့ ဖတ်စရာ**

**ပြန်ချိန်နီးသော နှလုံးသား၏ သံဝေဂ ဂီတသံစဉ်အနိမ့်အမြင့်ကို ခံစားခြင်း**


ဆောင်းပါး စာ ၁၀


**ငလျင်လှုပ်ခတ်ခြင်း၏ တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်များအပေါ် သက်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ချဉ်းကပ်မှု**


ဆောင်းပါး စာ ၁၆


**ယခုနှစ် နွေဦးရာသီအတွက် နီပေါ တောင်ထိပ်များသို့တက်ရောက်ရန် တောင်တက်သမား ၇၀၄ ဦး ခွင့်ပြုပေး**


နိုင်ငံတကာသတင်း စာ ၂၄





❍ ရှေ့ဖုံးမှ

ဦးစွာ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီး ခြောက်ပါးတို့သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝေဟင်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ကြသည်။ **(အပေါ်ပုံ)**

**ပရိတ်ရေများပက်ဖျန်း**

ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်ကြီးများ၏ ကပ္ပိယ ကာရကအဖြစ် လိုက်ပါ၍ ပရိတ်ရေများ ပက်ဖျန်းကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တေအီအက်စ်ကီ စီလက်ဆေ က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၁၇**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တေအီအက်စ်ကီ စီလက်ဆေ က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မန္တလေးနှင့် မြန်မာနိုင်ငံ၏ အချို့နေရာများတွင် မကြာသေးခင်က လှုပ်ခတ်သွားသော ငလျင်ကြောင့် ပြည်သူအများအပြားသေဆုံးပြီး ပျက်စီးဆုံးရှုံးခြင်းများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဆုံးရှုံးမှုများနှင့် ပူဆွေးနေရသည့် အချိန်တွင် မိမိအနေဖြင့် မြန်မာအစိုးရ၊ မြန်မာပြည်သူများနှင့် အသက်ဆုံးရှုံးခဲ့ရသည့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများ အမြန်ဆုံး သက်သာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဟု ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ**
**သမ္မတ**

၁၁ မတ် ၂၀၂၅

အဆွေတော်၊

မန္တလေးနှင့် မြန်မာနိုင်ငံ၏ အချို့နေရာများတွင် မကြာသေးခင်က လှုပ်ခတ်သွားသော ငလျင်ကြောင့် ပြည်သူအများအပြား သေဆုံးပြီး ပျက်စီးဆုံးရှုံးခြင်းများအတွက် မိမိအနေဖြင့် များစွာ စိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ ဆုံးရှုံးမှုများနှင့် ပူဆွေးနေရသည့်အချိန်တွင် မိမိအနေဖြင့် မြန်မာအစိုးရ၊ မြန်မာပြည်သူများနှင့် အသက်ဆုံးရှုံးခဲ့ရသည့် ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။ ထိခိုက်ဒဏ်ရာရရှိသူများ အမြန်ဆုံးသက်သာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**တေအီ အက်စ်ကီ စီလက်ဆေ**
**သမ္မတ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၇ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယတွင် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒ်ဘေးဒဏ်ရန်အသွယ်သွယ် အန္တရာယ်အဝဝ ကင်းစင်ပပျောက်စေနိုင်ရန် အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄) ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ သစ်သီးပန်းမန်များ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ဆက်လက်၍ ဥပ္ပါတန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး သြဝါဒါစရိယ ဆရာတော်၊ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တက်ရောက်လာသည့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၅၉ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
( ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ သာသနာတော်တွင် ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

| | | |
|---|---|---|
| ၁။ | သူရဦးမြင့်မောင် | ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သာသနာရေးဝန်ကြီးဌာန |

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | |
|---|---|---|
| ၁။ | ဒေါ်ဥမ္မာမြင့် | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |
| ၂။ | ဒေါ်နီလာ | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၃။ | ဒေါ်သက်သက်အောင် | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| ၄။ | ဒေါ်သန်းသန်းအေး | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| ၅။ | ဒေါ်ဝါဝါသင်း | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| ၆။ | ဒေါ်စမ်းစမ်းအေး | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |
| ၇။ | ဒေါ်သဉ္ဇာဝင်းစိန် | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |
| ၈။ | ဒေါက်တာဒေါ်နန်းကူးကူ | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၉။ | ဒေါ်တင်မိုးနွယ် | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၁၀။ | ဒေါက်တာဒေါ်အေးခိုင်ညွန့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၁၁။ | ဒေါ်ခင်နှင်းဝေ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဒေါ်မာလာတင့် | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါက်တာဒေါ်တင်လင်းမြင့် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၄။ | ဒေါ်ခင်လှဝင်း | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၆၀ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
( ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ဒွဲဘူ | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၂။ | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၃။ | ဒေါက်တာမှုထန် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၄။ | ဒေါက်တာဘရွှေ | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၅။ | ခွန်စံလွင် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၆။ | ဦးရန်ကျော် | အဖွဲ့ဝင်(ငြိမ်း) | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၇။ | ဦးသာဌေး | ပြည်ထောင်စု တရားသူကြီးချုပ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၈။ | ဦးအောင်ဇော်သိန်း | ဥက္ကဋ္ဌ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး |
| ၉။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်ချုပ်ကြီးဇော်မျိုးတင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဉာဏ်ထွန်း | ပြည်ထောင်စုဝန်ကြီး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂။ | ဦးထွန်းအုံ | ပြည်ထောင်စုဝန်ကြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၃။ | ဒေါက်တာစိုးဝင်း | ပြည်ထောင်စုဝန်ကြီး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာခင်နိုင်ဦး | ပြည်ထောင်စု စာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၅။ | ဦးအောင်သော် | ဥက္ကဋ္ဌ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၆။ | ဦးမျိုးအောင် | ဝန်ကြီးချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇။ | ဦးအောင်ကြည်သိန်း | ဝန်ကြီးချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈။ | ဦးထိန်လင်း | ဝန်ကြီးချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉။ | ဦးစစ်အေး | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် |

**ဇေယျကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ် မင်းမင်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ချုပ် ဇော်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်စိုး | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂။ | ဦးရန်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၃။ | ဦးအေးဝင်း | ဥက္ကဋ္ဌ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် |
| ၄။ | ဒေါ်ခိုင်ခိုင်နွယ် (ခ) ရှီဆယ်လင်း | အထွေထွေ အတွင်းရေးမှူးချုပ် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် |

**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးကြည်စိုး | ရုပ်ရှင်သရုပ်ဆောင် |
| ၂။ | မောင်နှင်းမိုး | ရုပ်ရှင်ဒါရိုက်တာ |
| ၃။ | ဒေါ်ဝါဝါဝင်းရွှေ | ရုပ်ရှင်သရုပ်ဆောင် |
| ၄။ | ဒေါ်ခင်သန်းနု | ရုပ်ရှင်သရုပ်ဆောင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## သထုံမြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲ ကျင်းပ

**သထုံ ဧပြီ ၁၇**

မွန်ပြည်နယ် သထုံမြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်းတို့ကို ယနေ့ (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက်ပိုင်းက ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ ပူးပေါင်းကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ဦးစွာ သထုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြရာ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုံးမသြဝါဒစကားပြောကြား၍ ဆုမွန်ကောင်းများ ပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တက်ရောက်လာသူများက သထုံမြို့မ (၅) ရပ်ကွက်ရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၁၆ ဦးတို့အား အလှူငွေနှင့် လှူဖွယ်များဖြင့် လှူဒါန်းပူဇော်ကန်တော့ကြရာ ဘိုးဘွားများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂၀ / ၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ) အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၁၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင် / အချုပ်ထောင် / စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၂ / ၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ လူမှုရေးအရငဲ့ညှာသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၃ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၁ / ၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၄၈၉၃ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၅ /၂၀၂၅)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်) နေ့တွင် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၃၀/၂၀၂၅) ဖြင့် သတ်မှတ်ထားသော ပြစ်မှုများမှအပ အကျဉ်းသား/ အကျဉ်းသူများ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး အမိန့်အမှတ် (၃၁/၂၀၂၅) ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၄၈၉၃ ဦး၏ ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုကာ လူသားချင်းစာနာထောက်ထားမှုကို အလေးထားလျက် အမိန့်အမှတ် (၃၂/၂၀၂၅) ဖြင့် ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၃ ဦးတို့ကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် လွတ်ငြိမ်းခွင့်ပြုခြင်းများသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်ဖြစ်ပါသည်။ လွတ်ငြိမ်းခွင့်ရရှိသော နိုင်ငံသားများသည် ငြေလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်နိုင်မည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင်လည်း ပါဝင်နိုင်ကြမည် ဖြစ်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် နိုင်ငံများ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာ ရောက်သည့်အပြင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေများတွင် ကမ္ဘာ့မိသားစုဝင် နိုင်ငံအချင်းချင်း လူသားချင်းစာနာထောက်ထားမှုဖြင့် ကယ်ဆယ်ရေးနှင့် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့မှုများကိုလည်း အလေးထား အသိအမှတ်ပြုရာရောက်ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် လွတ်ငြိမ်းခွင့်ပြုခြင်းများကို ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ဇီဝိတဒါန ငါးပေါက်များကို နေပြည်တော်နာရီစင်အနီး မင်္ဂလာကန်အတွင်း စုပေါင်းငါးလွှတ်ခြင်းများ ပြုလုပ်ကြသည်။ (ဝဲပုံ)

**ဆက်ကပ်လှူဒါန်း**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက သံဃာတော် အရှင်သူမြတ်တို့ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပင့်သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ချီးမြှင့်ကာ ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာကောင်းများနှင့်အညီ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် (၅) ရက်၊ ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ် ဧပြီ ၁၇ ရက်သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်နှင့်အညီ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို



ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက်ရာဘာရေလှောင်ဆည်၌ ကျင်းပသည်။

ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားကျင်းပရာတွင် ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့နှင့်အတူ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ရွှေဝါငါးကြင်းသားပေါက်များကို ငလိုက်ရာဘာရေလှောင်ဆည်အတွင်းသို့ လွှတ်ပေးကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများက ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၉၀၀၀ ကို ငလိုက်ရာဘာ ရေလှောင်ဆည်အတွင်းသို့ လွှတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ




**နေပြည်တော် ဧပြီ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မိသားစုများ၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ယနေ့) မွန်းလွဲ ၄ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဥတ္တရသီရိရေလှောင်တမံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်၍ ဇီဝိတဒါန ငါးများ လွှတ်ပေးခဲ့သည်။

ယင်းဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားတွင် ငါးကြင်းကောင်ရေ ၃၀၀၀ ကို ရေလှောင်တမံအတွင်းသို့ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြု လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊



ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်အတူ ယနေ့ညနေ ၄ နာရီတွင် ဝန်ကြီးဌာနဝင်းအတွင်း၌ နှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားနာ ရွတ်ဖတ်ပူဇော်ခြင်းကို ပြုလုပ်ရာ ဆရာဒကာ၊ ကျောင်းတိုက်လေးခုမှ သံဃာတော်ကိုးပါးက အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ကြက်သွန် အပါအဝင်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် နှစ်စဉ် နှစ်တိုင်း နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတွင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်အတူ ယနေ့ညနေပိုင်းတွင် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ၌ သက်ကြီးပူဇော်ပွဲအခမ်းအနားကို တက်ရောက်ပြီး အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကာ အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့် (ငြိမ်း)က လက်ခံသည်။

ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာတွင် အဘိုး ၁၃၈ ဦး၊ အဘွား ၅၈ ဦး စုစုပေါင်း ၁၉၆ ဦး ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

■ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ရွှေဘိုမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ရွှေဘို ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင် ပန်းခြံအတွင်းရှိ ကျုံးရေပြင်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေပြင်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ မြန်မာနှစ်ဆန်း တစ်ရက်နေ့ နံနက် ၈ နာရီက အဆိုပါပန်းခြံအနီး၌ ပြုလုပ်သည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်အောင်နှင့် ဇနီး၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် ဇနီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရေလုပ်သားများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ပြီး ရွှေဘိုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ဇီဝိတဒါနငါးလွှတ်ကုသိုလ် ဆောင်ရွက်ခဲ့သည်။



အလားတူ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုနိုင်ရေး ရွှေဘိုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ အား ရွှေဘိုမြို့အဝင် မူးလက်တံမြောင်းအနီးနှင့် ရွှေဘိုဈေးကြီးထိပ်တို့တွင် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့ (မြန်မာနှစ်ဆန်းတစ်ရက်) နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်သည်။

ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်ကာ ဘေးမဲ့ငါးကောင်ရေ ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် မင်္ဂလာကန်တော်အတွင်းသို့ ကုသိုလ်ပြုလွှတ်ပေးခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဧပြီ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား သွားရောက်တွေ့ဆုံ၍ နေ့လယ်စာနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ မြန်မာနှစ်သစ်ကူးအခါသမယတွင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

နိုင်ငံတစ်ဝန်း ရဟန်းရှင်လူ ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဇနီး(ယာပုံ)နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်ဇနီးတို့က ငါးသားပေါက်များကို ဝန်ကြီးဌာနရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများက ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပေးကြသည်။

ယင်းနောက် အန္တရာယ်ကင်းပရိတ်တရားတော် နာယူခြင်း အခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး အေးမြရွှေပြည်ကျောင်းတိုက် ဆရာတော် ဦးမဥ္ဇူသကထံမှ ငါးပါးသီလ ခံယူကြကာ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်ဇနီးနှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် ဒုတိယဝန်ကြီးနှင့်ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ကောင်းမှုကုသိုလ်များအတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာခေါ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**မင်းဘူး ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ ရက်) နံနက် ၈ နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ မန်းရွှေစက်တော်ဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မင်းဘူးခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။



အခမ်းအနားတွင် မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက အောက်စက်တော်ရာနှင့် အထက်စက်တော်ရာ ပါဒစေတီတော်နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ခဲ့ပြီးနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက မန်းရွှေစက်တော်ဘုရား ပါဒစေတီတော်နှစ်ဆူအား နမ္မဒါရေစင်သွန်းဖျန်း၍ ရွှေသင်္ကန်းများကပ်လှူပူဇော်ကာ အောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက် ဖန်အုပ်ဆောင်းတော်အား စက်ခလုတ်နှိပ် ပိတ်သိမ်းခြင်းနှင့် အထက်စက်တော်ရာ ပါဒစေတီတော် ခြေတော်ရာသံတံခါးအား ပိတ်သိမ်းခြင်းများ ဆောင်ရွက်သည်။

ဆက်လက်ပြီး မန်းရွှေစက်တော်ဘုရား သုံးထပ်ဆောင် သာသနဗိမာန်တော်၌ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့် ပါဒစေတီတော်နှစ်ဆူ ခြေတော်ရာ ပိတ်သိမ်းပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် မဟာအလှူတော်မင်္ဂလာ အခမ်းအနားကိုကျင်းပရာ တက်ရောက်လာကြသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတမ်းများ ပေးဝေခဲ့ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးကုသိုလ်အဖြစ် မန်းရွှေစက်တော် ဘုရားကြီးရှိ မန်းချောင်းအတွင်း ငါးခုံးမကြီး အကောင်ရေ ၁၀၀၀၀ နှင့် ငါးမြစ်ချင်းအကောင်ရေ ၅၀၀၀ ကို ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

### ရေချွေတာရေးနည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ် လျှော်စက် အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက် ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကိုမသုံးဘဲဖွင့်ထားခြင်း မပြုပါနှင့်။

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပ



နေပြည်တော် ဧပြီ ၁၇

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန ရုံးအမှတ် (၄၆) ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ အခမ်းအနားများသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် ရုံးဝင်းအတွင်းရှိ လျှိုပိတ်ဆည်အတွင်းသို့ ငါးခုံးမသားပေါက်ကောင်ရေ ၃၀၀၀ အား ဘေးမဲ့လွှတ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက်နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ ဦးစွာ ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်သည့် နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်များကို ရိုသေစွာနာယူကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သော ပြင်းထန်သည့် မြေငလျင်ကြောင့် ပျက်စီးခဲ့သည့် ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ်(၂၆) အဆောက်အအုံ ပြင်ပကားရပ်နားနေရာ၌ အိန္ဒိယနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ယာယီရုံးခန်းများ ဆောက်လုပ်ပေးနေကြသော အိန္ဒိယနိုင်ငံသားများအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားများကျင်းပ



**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ၂၀၂၅ ခုနှစ် ဧပြီ ၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၃ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲအခမ်းအနားကို အဆိုပါဌာနရှိ အစည်းအဝေးခန်းမရှေ့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သံဃာတော် အရှင်သူမြတ်များနှင့် ကြွရောက်လာသည့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး စမ်းမြိုင်တောရ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသူရိယထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်းပရိတ်တရားတော်နှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငါးကောင်ရေ ၃၀၀၀ အား ဇီဝိတဒါနအဖြစ် ဝန်ကြီးဌာန အနောက်ဘက်ရှိ လျှိုပိတ်တမံအတွင်းသို့ ကုသိုလ်ပြုလွှတ်ပေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဇီဝိတဒါန ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဇီဝိတဒါန ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပရဆေးဥယျာဉ်ရှေ့ရှိ မင်္ဂလာကန်တော်၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် နေပြည်တော် ပရဆေးဥယျာဉ်ရှေ့ရှိ မင်္ဂလာကန်တော်အတွင်းသို့ နှစ်သစ်မင်္ဂလာအဖြစ် ငါးကြင်းသားပေါက်များ မျိုးစိုက်ထည့်ပြီး ကုသိုလ်ပြုခဲ့ကြသည်။ **(ယာပုံ)**

အလားတူ ညနေပိုင်းတွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးဝင်းအတွင်းတွင် လေးကျွန်းမဏ္ဍိုင်ကျောင်းတိုက်မှ သံဃာတော်ငါးပါးအား ပင့်ဖိတ်၍ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# မြဝတီမြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးပူဇော်ခြင်း အခမ်းအနားကျင်းပ



**မြဝတီ ဧပြီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့တွင်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ သံဃာတော်၊ အရှင်သူမြတ်များ ဦးဆောင်ပြီး မြို့တွင်းလှည့်လည်ကာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင် ဦးဆောင်ပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဟံဦး၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပခဲ့ရာ ငါးခူ၊ ငါးကျည်း၊ ငါးရံ့နှင့် ငါးပြေမကောင်ရေ ၆၈၀ တို့ကို သောင်ရင်းမြစ်အတွင်း စုပေါင်း၍ ထည့်လွှတ်ပြီး ကုသိုလ်ယူကြသည်။

ထို့နောက် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနဗဟိုတကာရီ ဗိမာန်တော်၌ အာယုဒီဃဂုဏ ပူဇာ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ မြဝတီခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဟံဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက အသက် ၈၅ နှစ်နှင့်အထက် သက်ကြီး အဘိုး ၄၅ ဦး၊ အဘွား ၈၉ ဦး စုစုပေါင်း ဘိုးဘွား ၁၃၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ကိုးသောင်းငါးထောင်၊ အာဟာရဒါန ဖြည့်စွက်စာများနှင့် ခရိုင်ကျန်းမာရေးဌာနမှ လှူဒါန်းပေးသည့် ဆေးဝါးများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ကန်တော့ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဧပြီ ၁၇

**ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။**



အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီးတို့ ဦးဆောင်ကာ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမအပါအဝင် စုစုပေါင်း ငါးအကောင်ရေ ၃၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးဘိုးဘွားများအား ကန်တော့ပွဲအခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ အတူနေမိသားစုဝင် အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၈၆ ဦးတို့အနက် အခမ်းအနားသို့ တက်ရောက်နိုင်သူ အဘိုး ၁၀ ဦး၊ အဘွား ၁၀ ဦး စုစုပေါင်းအဘိုးအဘွား ၂၀ တို့ကို ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဦးဆောင်ကာ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်သစ်ကူး ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြပြီး ကန်တော့ခံ အဘိုးအဘွားများ ကိုယ်စား အဘွားတစ်ဦးက ဆုတောင်းမေတ္တာ ပေးအပ်လှူဒါန်း စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စွမ်းအင်ဝန်ကြီးဌာနမိသားစု ဇီဝိတဒါနငါးလွှတ်ပွဲသို့တက်ရောက်

နေပြည်တော် ဧပြီ ၁၇

စွမ်းအင်ဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း တစ်ရက်နေ့) ညနေ ၅ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား- တောင်ညိုလမ်းမဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြား ရေးမှူးများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်ကာစွမ်းအင်ဝန်ကြီးဌာန မိသားစုက ငါးကောင်ရေ ၉၀၀၀ ကို ဇီဝိတဒါနအဖြစ် မင်္ဂလာကန်တော်အတွင်းသို့ ကုသိုလ်ပြုလွှတ်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဟုမ္မလင်းမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုနိုင်ရေး ငါးသားပေါက်များရောင်းချပေး

ဟုမ္မလင်း ဧပြီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းငါးလုပ်ငန်းစခန်းမှ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အများပြည်သူများ ဇီဝိတဒါန ငါးလွှတ် ကုသိုလ်ပြုနိုင်ရေးအတွက် ငါးသားပေါက်များအား ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ထိုင်းငါးခုံးမကြီး ကောင်ရေ ၅၀၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် အသက် ၉၀ အထက် ဘိုးဘွားများအား သက်ကြီးပူဇော် ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းချောင်းကျေးရွာ ဇေတဝန် ကျောင်းနှင့်အမှတ်(၆)ရပ်ကွက် သုံးထပ်ကျောင်းဆောင် သာသနာ့ဗိမာန် တို့၌ ပူဇော်ပွဲအခမ်းအနားများ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ ဩဝါဒကို ခံယူ၍ သံဃာတော်များအား သံဃာတစ်ပါးလျှင် ဝတ္ထုငွေကျပ် ၁၀၀၀၀၀ နှင့် ဘုရားပွဲအတွက် ဝတ္ထုငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၆၀၀၀၀၀ နှင့် သင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရှမ်းချောင်းကျေးရွာ ဇေတဝန်ကျောင်းဝင်း လှိုင်မြစ် ကမ်းဘေး၌ ငါးအကောင်ရေ ၁၇၀၀၀ အား ဇီဝိတဒါနအဖြစ် လွှတ်ပေးပြီး သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် မြို့နယ်အတွင်းရှိ အသက် ၉၀ အထက် ဘိုးဘွား ၉၄ ဦးအား ငွေကျပ် ၁၀၀၀၀၀၊ အအေးနှင့် မုန့်များ အာဟာရဒါနလှူဒါန်းကျွေးမွေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်း များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



### လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၁၇ – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နှစ်သစ်ကူး စာပေလက်ဆောင်

# ပြန်ချိန်နီးသော နှလုံးသား၏ သံဝေဂ ဂီတသံစဉ်အနိမ့်အမြင့်ကို ခံစားခြင်း

ကြယ်စင်ဖေသင်

နွေသည်ပူလွန်း၏။ အပူဒဏ်ကို ခံနိုင်ရည်ရှိအောင်ကြိုးစားရင်း တဖြည်းဖြည်း ခံနိုင်ရည်ဝလာနေသော လူတစ်ယောက်အတွက်တော့ နွေအပူဒဏ်သည် ဘာမျှ မဟုတ်လောက်တော့။ ဘဝကပေးသော လူမှုစီးပွားသောကအပူထက်စာလျှင် မမှုလောက်သည့်အခြေအနေ။ သို့သော် ယခုနှစ်ဧပြီလ အပူသည် ယခင်နှစ် များကြုံခဲ့ရသည်ထက်ပိုသည်။ တစ်ကိုယ်လုံး မီးလောင်မြိုက်နေသကဲ့သို့ပင် ပြင်းထန်သည်ဟု ခံစားရ၏။လျှပ်စစ်မီးကို စိတ်မချရသည့် ယခုလိုအချိန်တွင် အဲကွန်း၊ ပန်ကာတို့ကို အားကိုး၍မရ။ နွေလေရူးသည်လည်း စိမ်းကားသယောင်တစ်ချက်မျှလှည့်၍ပင်မကြည့်။ တစ်ကိုယ်စာ အပူဒဏ်လျော့ကျရေးစိတ်ကို ဆင်ခြင်နှလုံးသွင်း၍ ပလတ်စတစ် ယပ်တောင်လေးကိုသာ လက်က မချနိုင်ဖြစ်နေရတော့သည်။

********

သင်္ကြန်အခြေအနေ မည်သို့ရှိနေသည် မသိ၊ အကဲမခတ်မိ။ သင်္ကြန်ပိတ်ရက်တရွေ့ရွေ့ ကုန်ဆုံးသွားနေသည်ကိုတော့ ပြက္ခဒိန်စာမျက်နှာပေါ်တွင် အထင်သားမြင်နေရသည်။ ယခုနှစ် သင်္ကြန်ပိတ်ရက်အတွင်း ယခင်နှစ်ကကဲ့သို့ပင် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ရာဒေသမှ မိသားစုရှိရာ ဒေသသို့မပြန်ဖြစ်ခဲ့။ သင်္ကြန်ပိတ်ရက်မတိုင်ခင်ကတည်းက စားသောက်စရာများကြိုတင်ဝယ်စုထားပြီး သင်္ကြန်ပိတ်ရက်အတွင်း၌ အိမ်တွင်းကေစာကျင့်နေခဲ့၏။

နှစ်ဆန်းတစ်ရက်နေ့ နံနက်ရောက်ခဲ့ပြီ။ အိမ်သန့်ရှင်းရေး၊ ဘုရားစင်သန့်ရှင်းရေးလုပ်ပြီးလျှင် ရေမိုးချိုးပြီး အိမ်ရှေ့ဘုရားခန်းသို့ဝင်သည်။ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့ ကုသိုလ်ပြုသည်။ဘုရားခန်းမှ ထွက်လာပြီးနောက် အိမ်ရှေ့ခန်းရှိ ကုလားထိုင်ပေါ်ထိုင်၏။ ပြတင်းပေါက်ကို လှမ်းမျှော်ကြည့်တော့ ပြတင်းပေါက်ပေါင်အတွင်း မြင်ကွင်းထဲ၌ အစွန်းထွက်ဝင်နေသည့် အရွက်မဲ့သစ်ကိုင်းခြောက်အချို့နှင့် အပြာရောင် လုံးဝဖျော့တော့နေသော ဖြူဖပ်ဖြူရော် မိုးကောင်းကင်တို့က ဝင်ရောက်လာသည်။ အတွေးများ ပျံ့လွင့်ထွက်သွား၏။ လွန်ခဲ့သော ငါးနှစ်ခန့်က ယခုကဲ့သို့ မြန်မာနှစ်ဆန်း တစ်ရက်နေ့ နံနက်ခင်းမြင်ကွင်းကို ပြန်လည်မြင်ယောင်မိလာသည်။

ထိုနှစ် နှစ်ဆန်းတစ်ရက်နေ့ ညနေပိုင်းတွင် တာဝန်ထမ်းဆောင်ရာဒေသမှ မိသားစုရှိရာကို ပြန်ဖို့ရှိသည်။ မပြန်ခင်နံနက်၌ မိမိနေထိုင်ရာ အနီးဝန်းကျင်ရှိ သက်ကြီးရွယ်အို အဘိုးအဘွားများကို ကုသိုလ်ပြု၊ ကန်တော့ရန် အစီအစဉ်လုပ်ထား၏။ ယခင်ကတည်းက သဒ္ဓါပေါက်နေသည့် အသက်ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်ဝန်းကျင်အရွယ် အဘိုးအဘွားငါးဦးကို အိမ်သို့ဖိတ်၍ ငွေသား၊ အသုံးဆောင်ပစ္စည်းအချို့ဖြင့် ကန်တော့ခဲ့သည်။ကန်တော့ပြီးသည့်နောက် ညှော်ခံစကားပြောနေချိန်တွင် အဘိုးအဘွားများအားလုံး၏ မျက်နှာများပေါ်၌ ကျေနပ်ပီတိများကို သိသိသာသာမြင်နေရသည်။ အားတက်သရောရှိသည့် ဆုပေးစကားသံများထွက်လာသည်။ ဆုပေးစကားများထဲမှ အဘိုးတစ်ဦး၏ ဘဝဒဿန အတွေးများပါသည့် ထိုအချိန်က အမှတ်တရစကားအချို့ကို ယခု ပြန်လည်အမှတ်ရလာ၏။ ယနေ့တိုင် နှလုံးသားထဲ စွဲမြဲမှတ်မိနေခဲ့ပြီ။

"...... အဘတို့က ပြန်ချိန်နီးပြီကွဲ့။ ဘယ်ကလာလို့ ဘယ်ကိုပြန်ရမလဲ မသိပေမယ့် အချိန်တန်တော့ သေချာပေါက် ပြန်ကိုပြန်ကြရမှာ။ ငါ့မြေးတို့နဲ့ စာရင် အဘတို့က ပြန်ရဖို့ အလွန်နီးနေပြီကွဲ့။ မပြန်ခင် အချိန်မှာတော့ ဘဝတွေက ကံအကျိုးပေးအတိုင်း အမျိုးမျိုးဖြစ်နေမှာပဲ။ မွေးတာနဲ့သေတာ အခြေအနေ နှစ်ခုကြားလူဖြစ်နေတဲ့ဘဝမှာ ကောင်းတာတွေလည်းရှိမယ်။ ဆိုးတာတွေလည်း ဖြစ်နိုင်တယ်။ အဆင်ပြေနေတဲ့ဘဝတွေ ရှိသလို အခက်အခဲတွေ အများကြီး၊ ဒုက္ခတွေ တသီတတန်းနဲ့ ရုန်းကန်နေကြရတဲ့ ဘဝတွေလည်း အများကြီး။ ကောင်းကောင်းဆိုးဆိုး ဘယ်လိုပဲဖြစ်ဖြစ်၊ သေဆုံးခြင်းမှတ်တိုင်ရောက်ရင်တော့ အားလုံးကို ချန်ထားပြီး သွားရမှာပဲ။ ဒီတော့ အသက်ရှင်နေတုန်း သတိနဲ့နေ။ ကောင်းရင်လည်း သတိနဲ့၊ အဆိုးကြုံလည်း သတိနဲ့၊ နောက်ဆုံး အသက်ရှူရပ်ခါနီးတောင် သတိနဲ့နေဖို့ကြိုးစားရမှာ၊ လုပ်နိုင်ရင်တော့ အကောင်းဆုံးပဲလို့ အဘကတော့ ပြောချင်တယ်ကွယ်"။

> " သံသရာခရီးအတွက်ရော၊ ကိုယ့်ဝန်းကျင်၊ ကိုယ့်လူ့အဖွဲ့အစည်း အတွက်ပါ ကောင်းကျိုးရှိမယ့် အလုပ်တွေဟာ နှစ်ဖက်အကျိုးရှိတဲ့ အလုပ်၊ နှစ်ဖက်လှနှလုံးသားရှိတဲ့ သူတွေရဲ့ အလုပ်တွေပါပဲ။ အားလုံးဟာ မမြဲခြင်းတရားနဲ့ ရှိနေတယ်ဆိုတာကို နှလုံးသွင်း ပြီးတော့ ကိုယ်နေတဲ့ လူ့အသိုက်အဝန်းကို ထိခိုက်နစ်နာမှု မဖြစ်စေဘဲ ကောင်းကျိုးဖြစ်တဲ့ အလုပ်တွေကိုပဲ လုပ်နိုင်ပါစေလို့ ငါ့မြေးကို နှစ်သစ်ကူးစကားလက်ဆောင်ပေးလိုက်ပါတယ် "

ကန်တော့ခံအဘိုး၏ စကားထဲတွင် ထပ်ကာတလဲလဲ ကြားခဲ့ရသည့် စကားလုံး၊ "သတိ"ဆိုသည့် ဝေါဟာရ။ မိမိကိုယ်မိမိ "သတိ"ကပ်နိုင်ပါရဲ့လား။ ငါဆိုသည့် ရုပ်ခန္ဓာကြီးနှင့် ငါ့စိတ် အလိုဆန္ဒတွေကြား ဗျာတွေများပြီး မည်မျှအထိ "သတိ" လွတ်ဖြစ်နေခဲ့သနည်း။ အဘိုးတို့ ပြန်ချိန်နီးသကဲ့သို့ မိမိတို့သည်လည်း ပြန်ချိန်နီးကပ်နေပြီလား၊ ဝေးသေးပါသလား။ အတွေးများက အမျိုးမျိုး၊ ထိတ်လန့်စရာ စိုးရိမ်စိတ်တွေက ခေါင်းထဲတွင် လျှပ်စစ် စီးသလို ဖျက်ခနဲ ဖျက်ခနဲ။

******

စကား အချို့ထပ်ပေါ်လာပြန်သည်။

" ဘုရားဟောတာတွေကို မမေ့လျော့နဲ့၊ ဝိပဿနာအလုပ်ကို အချိန်လေးပေးပြီးလုပ်ကြ။ ငါ့မြေးတို့၊ အဘတို့တွေက သံယောဇဉ်ကြိုးတွေ အမျိုးမျိုးရဲ့ ချည်နှောင်တာတွေခံနေရပြီး တဏှာဆိုတာကို ဖြတ်ဖို့မနည်းကို အားထုတ်နေရတာ။ တို့တွေရဲ့ ဘဝက ဒီဘဝမှာတင် ဂိတ်ဆုံးပန်းတိုင် နိဗ္ဗာန်ရောက်နိုင်ဖို့ မလွယ်ဘူးလေ၊ ဒါပေမယ့် ရတဲ့ အသိတရားနဲ့ အနည်းဆုံးတော့ အပယ်တံခါးပိတ်အောင်တော့ လုပ်ထားမှဖြစ်မယ်ကွ။"

သံယောဇဉ်ကြိုးများ မည်မျှရစ်ပတ်ခံနေရသနည်း။ "နိဗ္ဗာန်"ဟူသည့် စကားလုံးက ကြားနေကျ။ မည်သို့ ချဉ်းကပ်၍ မည်သို့မည်ပုံရောက်ရှိအောင် အားထုတ်ရမည်နည်း။ တကယ့်လက်တွေ့၌ မွေးဖွားခြင်းနှင့် သေဆုံးခြင်းမှတ်တိုင်နှစ်ခုကြား ဘဝခရီး တိုတိုလေးမှာပင် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ကျားကုတ်ကျားခဲ အားထုတ်နေကြရသည့်ဘဝများ၊ အတောမသတ်နိုင်သည့် လိုချင်ရမ္မက်ဖြင့် ပြည့်စုံပြီးရင်း ပိုမိုပြည့်စုံစေရန်၊ ကြွယ်ဝပြီးရင်း ပိုမိုကြွယ်ဝစေရန် လှုပ်ရှားအားထုတ်နေကြသည့် ဘဝများ။ ထိုသို့ရုန်းကန်လှုပ်ရှား၊ အားထုတ်နေရင်း "မသိမှုများ"၊ "စွဲလမ်းမှု" များနှင့် ကိလေသာ နွံ့ထဲ၌ ကျွံဝင်နေခဲ့ကြပြီ။ တဏှာကြိုးအမျှင်အတန်းတို့၏ ရစ်ပတ်ခြင်း နှောင်ဖွဲ့ခြင်းကို ခံရမှန်းမသိ ခံနေခဲ့ကြရပြီ။ ရုန်းထွက်နိုင်ရေးမှာ ပို၍ပို၍ ခက်ခဲနေကြရပြီ မဟုတ်လား။

******

"...ကုသိုလ်၊ အကုသိုလ်ဆိုတာတွေ ခွဲခြားသိမြင်နိုင်ဖို့ ကြိုးစားရမယ်၊ ကုသိုလ်ဆိုရင်လုပ်၊ အကုသိုလ်ဆိုရင် မလုပ်နဲ့။ လက်ကျန်ဘဝမှာ လူ့လောက လူ့အသိုက်အဝန်း ကောင်းကျိုးဖြစ်တာတွေလုပ်ပါ။ မိသားစုတွေ သံယောဇဉ်လျှော့၊ ရုပ်ဝတ္ထုပစ္စည်း ဥစ္စာတွေအပေါ်စွဲလမ်း စိတ်လျှော့။ ဒါနအင်အား ကြီးမားအောင်လုပ်၊ သီလအင်အား အခြေခိုင်အောင်လုပ်။ ကိုယ့်အရွယ်ကိုယ့်အတွေ့အကြုံအပေါ် မူတည်ပြီး လောကကောင်းကျိုးအတွက်နိုင်သလောက် ဖြည့်ဆည်းကြ။ အဘတို့တစ်တွေလည်း ကိုယ့်သားသမီးမြေးမြစ်တွေကို အတွေ့အကြုံတွေ မျှဝေဖို့၊ အမှားအမှန်တွေ ဆင်ခြင်နိုင်ဖို့ လမ်းညွှန်တာတွေ၊ အကြံဉာဏ်ပေးတာတွေလုပ်ရင်း ကိုယ့်အတွက်ရော ပတ်ဝန်းကျင်အတွက်ပါ အကျိုးရှိမယ့်ကိစ္စတွေကိုပဲ နှလုံးသွင်းနိုင်ဖို့ကြိုးစားနေကြရတယ်။ ကိုယ့်ကြောင့် လောကကြီးထဲမှာ မကောင်းတာတွေ မကျန်ရစ်ခဲ့စေဖို့ အရေးကြီးတယ်။ အဘတို့အရွယ်တွေကတော့ သတိကြီးကြီးထားပြီး လုပ်ရမယ့်အချိန်ဖြစ်နေပြီ ငါ့မြေးရေ။"

စကားများက အတွေးထဲသို့ တဖြည်းဖြည်း တိုးဝင်လာနေသည်။ မသေချာမရေရာမှု များလွန်းသည့် အခြေအနေအောက်တွင် ပို၍ခက်ခက်ခဲခဲ ဖြစ်လာနေသည့် ဘဝများအကြောင်း၊ ကုသိုလ်၊ အကုသိုလ် အထုပ်များအကြောင်း တွေးရင်းတွေးရင်း စိတ်ကူးများ ယောက်ယက်ခတ်နေတော့သည်။

ကုသိုလ်ဆိုသည်မှာ အဘယ်နည်း။ အကုသိုလ်ဆိုသည်ကို မည်သို့နားလည်နေကြသနည်း။ ကောင်းမှုကုသိုလ်ပြုသောသူနှင့် မကောင်းမှုအကုသိုလ်ပြုသောသူတို့ကြား မည်သို့ကွာခြားကြသနည်း။ ကုသိုလ်၊ အကုသိုလ်အားထုတ်မှုများ၏ အကျိုးဆက်သည် ကာယကံရှင်ကိုယ်တိုင်အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းအတွက်လည်းကောင်းမည်သို့သော အကျိုးရလဒ်များဖြစ်စေခဲ့သနည်း စသည်ဖြင့် မေးခွန်းများ မေးနေမိပြန်သည်။

******

စာရေးသူတို့ ငယ်စဉ်က နာမည်ကြီးရုပ်ရှင်မင်းသား ကျော်ဟိန်း အဆိုတော်အဖြစ် ပေါက်ခဲ့ဖူးသည့် သီချင်းခွေ အမည်ကို သတိရသည်။ "အဓိပ္ပာယ်ရှိသောလူ"တဲ့။ ထိုအခွေထဲက သီချင်းတစ်ပုဒ်ထဲတွင်ပါသော စာသားကို ကြိုက်နှစ်သက်ခဲ့ခြင်းဖြစ်သည်။

**"လူတွေစဉ်းစားကြ၊ စဉ်းစားကြ၊ လောကအတွက်... သင်ဟာသမိုင်းကြောင်းကောင်းဖို့ တစ်ခုခုလုပ်ခဲ့သလား"** တဲ့......။ လူသားတစ်ယောက်ချင်းစီကို မေးခွန်းထုတ်နေသကဲ့သို့ပင်။

မေးခွန်းများက တစ်ခွန်းပြီး နောက်တစ်ခွန်း ထပ်၍ထပ်၍ ပေါ်လာသည်။ အဓိပ္ပာယ်ရှိသောလူအဖြစ် နေထိုင်ခြင်းနှင့်သမိုင်းကြောင်းကောင်းဖို့ လုပ်ခြင်းတို့ ဆက်စပ်မှုရှိနေပါသလား။ "အဓိပ္ပာယ်ရှိသော လူ" ဆိုတာရော ဘယ်လိုလူလဲ။"အဓိပ္ပာယ်ရှိသောလူ"ဆိုတာ တန်ဖိုးရှိတဲ့လူပေါ့" ဟု မိတ်ဆွေတစ်ယောက် ပြောဖူးခဲ့သည်ကို မှတ်မိနေသေးသည်။ ကာယကံရှင်အတွက်သာမက ၎င်းနေထိုင်ရာ လူ့အဖွဲ့အစည်းအတွက်ပါ ကောင်းကျိုးဖြစ်ထွန်းစေသောလူသားသည် တန်ဖိုးရှိသောလူဟု ဆိုပါလျှင်....။ ထိုသူသည် "အဓိပ္ပာယ်ရှိသောလူ" မဟုတ်ပါလား။

သံသရာခရီး မှတ်တိုင်နှစ်ခုကြား တဖြည်းဖြည်း တိုတောင်းလာသည့်ကာလ၌ တန်ဖိုးရှိသော လူ၊ အဓိပ္ပာယ်ရှိသော လူအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးမှာ ကုသိုလ်ကောင်းမှုများအပေါ် အမြဲမပြတ်နှလုံးသွင်းနိုင်မှုအပေါ် မူတည်လိမ့်မည်ထင်သည်။

မသေချာမရေရာမှုများစွာ ဖြတ်သန်းနေရသည့် လူ့ဘဝ၌ လက်ရှိပစ္စုပ္ပန်အချိန်သည် ကုသိုလ်ကောင်းမှုများ စတင်လုပ်ဆောင်ရန် အကောင်းဆုံးအချိန်ဟု သဘောပေါက်၏။ လူ့ဘဝမှ မည်သည့်အချိန် ပြန်လည်ထွက်ခွာရမည်ကို မသိရသည့်အခြေအနေ၌ ဘဝ၌ မည်သို့ရှင်သန်နေထိုင်ကြမည်နည်း။ ရုတ်တရက် သေဆုံးသွားသည့်အခါ မိသားစုအတွက်၊ လူ့အသိုက်အဝန်းအတွက် အကျိုးရှိစေမည့်အရာများ မည်သို့ချန်ထားကြမည်နည်း။ ငယ်စဉ်က ဖတ်မှတ်ခဲ့ဖူးသော ကဗျာစာပိုဒ်လေးကို သတိရလာသည်။

**"သင်သေသွားသော်**
**သင်ဖွားသောမြေ**
**သင်တို့မြေသည်**
**အခြေတိုးမြင့် ကျန်ကောင်းသင့်၏ "** ဟူသော ဆရာဇော်ဂျီ၏ ကဗျာစာပိုဒ်လေးသည် လက်ရှိဖြစ်ပေါ်နေသော စိတ်အတွေးများနှင့် အပ်စပ်နေတော့သည်။

******

"နေထိုင်ရာဝန်းကျင်၊ လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ သတိမေ့လျော့လျက် မိမိတစ်ဦးတည်း၏ အကျိုးစီးပွား၊ မိသားစု၏ အကျိုးစီးပွားတစ်ခုတည်းကိုသာ အတ္တကြီးကြီးဖြင့် လုပ်ကိုင်နေမိခဲ့ပြီလား"။ မိမိကိုယ်မိမိ မေးခွန်းများမေး၍ သတိပေးနေမိသည်။

လူသားများကြားတွင် အပြန်အလှန်အမှီသဟဲပြု နေထိုင်လျက်ရှိသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း လူသားတစ်ဦးသည် လူ့သားအချင်းချင်းအပေါ်၊ လူ့အဖွဲ့အစည်းအပေါ် ဖြည့်ဆည်းပံ့ပိုးပေးသင့်သည့်အရာများ လုပ်ဆောင်ပေးနိုင်ခဲ့ခြင်းမရှိခဲ့လျှင် လူ့အဖွဲ့အစည်းအပေါ် ကြွေးကျန်တင်ရစ်နေခဲ့ပြီဟုသာ ယူဆရပေမည်။ အကြွေးများတင်ရှိနေခဲ့သော် သေချာပေါက် ပြန်လည်ပေးဆပ်ရပေဦး မဟုတ်ပါလား။

စာမျက်နှာ ၁၁ သို့

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ

ထားဝယ် မေ ၁၇

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ဒေါင်ငူ/တံငါရပ်ကွက် ဆိပ်ကမ်းသာ ဇောတံတား၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ငါးသားပေါက်အကောင်မျိုးစုံကို ဆိပ်ကမ်းသာ ဇောတံတားပေါ်မှ ထားဝယ်မြစ်အတွင်းသို့ ကုသိုလ်ပြု ဇီဝိတဒါန ငါးလွှတ်ပေးကြသည်။



ထို့နောက် အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကို သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဘိုးအဘွားများအား ပူဇော်ကန်တော့ရခြင်းအကြောင်း အမှာစကားပြောကြားပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များက အဘိုးအဘွား ၃၅ ဦးအား ပူဇော်ကန်တော့ကြသည်။(အပေါ်ပုံ)

ဆက်လက်၍ အဘိုးအဘွားများကိုယ်စား အဘွားတစ်ဦးက ဝမ်းမြောက်စကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အဘိုးအဘွားများအား ကုသရေးဦးစီးဌာနက ကျန်းမာရေး ဆေးစစ်ကုသပေးသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ကန်တော့ခံ ဘိုးဘွား ၃၅ ဦးအတွက် ကန်တော့ခံပစ္စည်းနှင့် ကန်တော့ငွေတစ်ဦးလျှင် ငွေကျပ် ၇၇၀၀၀ နှုန်းနှင့် ထားဝယ်မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် အဘိုးအဘွား ၃၅၀ စုစုပေါင်း ၄၉၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၀၁၂၅၀၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

ပဲခူး မေ ၁၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ မေ ၁၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက် နံနက်ပိုင်းက ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးမြို့ ဟံသာဝတီရေးဟောင်းကျုံးရေပြင်၌ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီး စုစုပေါင်းအကောင်ရေ ၁၅၀၀၀၀ ကို ကျုံးရေပြင်အတွင်းသို့ လွှတ်ပေးကြသည်။(ယာပုံ)

ထို့နောက် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် ပဲခူးမြို့ပေါ်ရပ်ကွက်များမှ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နှစ်ဟောင်းမှ နှစ်သစ်ကိုကူးပြောင်းသည့် မြန်မာနှစ်ဆန်း တစ်ရက်နေ့သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မင်္ဂလာရှိပြီး လန်းဆန်းသစ်လွင်သည့် နေ့ထူးနေ့မြတ်ဖြစ်ကာ ယခုလိုနေ့ထူးနေ့မြတ်တွင်"ဂါရဝေါ စ နိဝါတောစ" ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေသင့် ရိုသေထိုက်သူများ၊ ပူဇော်သင့် ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် နှစ်သစ်မင်္ဂလာ အခါသမယတွင် သက်ကြီးဝါကြီး ဘိုးဘွားများနှင့်တကွ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံတော်နှင့် ဘာသာ၊ သာသနာအကျိုး၊ ပြည်သူ့အကျိုး၊ ဒေသအကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြစေလိုကြောင်း မေတ္တာပို့ နှုတ်ခွန်းဆက်စကား ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့ကြပြီး အလှူငွေနှင့် ကန်တော့ခံပစ္စည်းများကို ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးဆောင်၍ ပဲခူးမြို့ပေါ် ရပ်ကွက်နှင့် သပြေကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၆၀ အား ပူဇော်ကန်တော့ကြခြင်းဖြစ်ပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

ဦးခေါင်းထဲတွင် အတွေးများပေါ်လာရင်း စကားသံများက နားစည်ကို အဖန်ဖန်ရိုက်ခတ်လိုက်၊ ခံစားမှုအထပ်ထပ် ဖြစ်ပေါ်လိုက် စသည်ဖြင့် ကြောင်းကျိုးဆက်၍ ဝေဒနာအဆက်မပြတ်ဖြစ်ပေါ်နေတော့သည်။

**"သံသရာခရီးအတွက်ရော၊ ကိုယ့်ဝန်းကျင်၊ ကိုယ့်လူ့အဖွဲ့အစည်းအတွက်ပါ ကောင်းကျိုးရှိမယ့် အလုပ်တွေဟာ နှစ်ဖက်အကျိုးရှိတဲ့အလုပ်၊ နှစ်ဖက်လှနှလုံးသားရှိတဲ့ သူတွေရဲ့ အလုပ်တွေပါပဲ။ အားလုံးဟာ မမြဲခြင်းတရားနဲ့ ရှိနေတယ်ဆိုတာကို နှလုံးသွင်းပြီးတော့ ကိုယ်နေတဲ့ လူ့အသိုက်အဝန်းကို ထိခိုက်နစ်နာမှုမဖြစ်စေဘဲ ကောင်းကျိုးဖြစ်တဲ့ အလုပ်တွေကိုပဲ လုပ်နိုင်ပါစေလို့ ငါ့မြေးကို နှစ်သစ်ကူး စကားလက်ဆောင်ပေးလိုက်ပါတယ်"**

ပျံ့လွင့်နေသော အတွေးများကို ပြန်လည်စုစည်းလိုက်၏။ စိတ်နေစိတ်ထားနှင့် ပတ်သက်၍ ကန်တော့ခံအဘိုး၏ ပြောစကားထဲမှ "နှစ်ဖက်လှနှလုံးသား" စကားလုံးနှင့်ပတ်သက်၍ စဉ်းစားပြီးရင်း စဉ်းစားနေမိပြန်သည်။ မိမိအကျိုးစီးပွားအတွက် အလုပ်လုပ်ရင်း "ဘယ်သူတွေများ မိမိကြောင့် ထိခိုက်နစ်နာမှုတွေ ရှိသွားခဲ့သလဲ"။ အဘိုး၏ နှစ်သစ်ကူးစကားလက်ဆောင်သည် ဘဝ၏ လက်ကျန်ကာလများအတွက် အမြဲတမ်းသတိရဆင်ခြင်စရာ ဖတ်စာများဖြစ်ခဲ့လေပြီ။

******

လူတစ်ယောက် ဘဝခရီး မည်သည့်အချိန်တွင် အဆုံးသတ်မည်ကို ပုထုဇဉ်သာမန်လူသားတို့ မည်သို့မျှ မခန့်မှန်းနိုင်။

အတွေးများက စိတ်၏ စေစားရာအတိုင်း ပြေးလွှားထွက်သွားပြန်၏။ ကောင်းကင်ကိုမော့ကြည့်လိုက်သောအခါ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည့် တိမ်မျှင်၊ တိမ်အစအနလေးများ၊ ထုနှင့်ထည်နှင့်ဖြစ်တည်နေသော တိမ်စိုင်တိမ်ခဲကြီးများကို တွေ့ရသည်။ လူ့ဘဝဖြစ်တည်မှုများသည်လည်း ကောင်းကင်ထဲက တိမ်များ၏ သဘာဝကဲ့သို့ပင် ကြီးမားသွားလိုက်၊ သေးငယ်ကာ ပျောက်သွားလိုက် စသည်ဖြင့် ။ မိခင်ဝမ်းတွင်းမှ ထွက်လာခဲ့သော်လည်း လူ့ဘဝတွင် အချိန်ကြာကြာမနေလိုက်ရ၊ လူ့ဘဝအရသာကို မည်သို့မျှမသိ၊ မခံစားရလိုက်ဘဲ ပြန်လည်ထွက်ခွာသွားရသည့် လူသားဖြစ်ခါစကလေးငယ်များ၊ နှစ်ပေါင်းများစွာ အသက်ရှင်သန်ခွင့်ရခဲ့သည့် လူသားအရှင်အမာကြီးများ၊ စသည်ဖြင့်စသည်ဖြင့် ....။ " မိမိပြုသောကံ၏ ပဲ့တင်သံသည် မိမိထံသို့သာ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လာလိမ့်မည်" ။ သတ္တဝါအားလုံး ကံအကျိုးပေးအတိုင်း ရှင်သန်နေကြရသည် မဟုတ်ပါလား။

သံသရာခရီးသည် အတိုင်းအဆမရှိ ရှည်လွန်း၏။ လူတို့၏ ဘဝသက်တမ်း၊ ဖြစ်တည်မှုအချိန်ကာလမှာ မရေရာ။ ရှည်သည်လည်းရှိ၏။ တိုလည်း တိုနိုင်၏။ ချောမွေ့သည်လည်းရှိ၏။ ခက်ခဲကြမ်းတမ်းသည်လည်းရှိ၏။ မြင့်မားသည့် ဘဝအခြေအနေလည်းရှိမည်။ နိမ့်ကျသည်လည်းရှိမည်။ လောကဓာတ်ခုံကျင်လည်ရာ ဝန်းကျင်တွင် ဘဝကန့်လန့်ကာ ရှေ့၌ ရုပ်ပြဘဝလှုပနေရသည့်တိုင် ကန့်လန့်ကာ နောက်ကွယ်အရောက်၌ သောကထွေရသည့် မလှမပဘဝများကလည်း ဒုနှင့်ဒေး။ အားလုံးသည် ဘဝနောက်ခံ ကားချပ်အမျိုးမျိုးရှေ့တွင် သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ကံဇာတ်ဆရာ၏ ကြိုးဆွဲရာအတိုင်း သရုပ်ဖော်နေကြရသည့်သူများပင် မဟုတ်ပါလား။

******

ဧပြီလ၏ နွေအပူသည် သဘာဝလောကကြီး တစ်ခုလုံးကို လောင်မြိုက်နေသကဲ့သို့ရှိ၏။ တောတောင်ရေမြေတို့ကို ကြည့်ရသည်မှာ ခြောက်သွေ့နွမ်းရော်နေဟန် အသွင်သဏ္ဌာန်ဖြစ်နေသည်။ ကျေးငှက်သာရကာတို့၏ မြူးတူးဟစ်ကြွေးသံများလည်း ယခင်ကကဲ့သို့ ဆူဆူညံညံမရှိလှ။ သားရဲတိရစ္ဆာန်တို့လည်း ပြင်းထန်သည့်အပူဒဏ်အောက်တွင် ခွန်အားလျော့ကျ နွမ်းလျနေကြလိမ့်မည်။

ပြင်းထန်သောပူလောင်မှု၏ အထိအတွေ့ကြောင့် ရုပ်ဝတ္ထုတို့ ဓာတ်ပြုပြောင်းလဲမှုများအခြေအနေများဖြစ်နေစေကာမူ စိတ်နှလုံး၏ တုံ့ပြန်ဖြစ်ပေါ်မှုမှာမူ ရုပ်ဝတ္ထုအခြေအနေနှင့် ထပ်တူမကျနိုင်။ စိတ်၏စေစားရာ ခံစားမှုပေါ်တွင်သာ မူတည်ပေလိမ့်မည်။ နွေအပူဒဏ် ပြင်းထန်သလောက် ပြင်းထန်ပါစေလေ။ တောတောင်ရေမြေသဘာဝကြောင့် ဖြစ်ပေါ်လာသော အပူဒဏ်သည် လူ့ဘဝ ဖြစ်တည်မှုမှ ရရှိလာသော အပူသောကဒဏ်တို့နှင့် ယှဉ်ပါက ဘာမျှမဟုတ်လောက်တော့။ တည်ငြိမ်ရင့်ကျက်မှုစွမ်းရည် ပိုမိုရှိလာသော နှလုံးသားသည် အပူတကာ့အပူများကို ပို၍ပို၍ ခံနိုင်ရည်ရှိလာနေခဲ့လေပြီ။

******

ရှုပ်ထွေးပွေလီလှသည့် လူ့လောကထဲ၌ ကျင်လည်နေရသည့် အရသာမှာ ယခင်ကကဲ့သို့ မဟုတ်တော့။ လှုပ်ရှားရုန်းကန်ရင်း အကြောင်းတိုက်ဆိုင်သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို မကြာခဏနှလုံးသွင်း၊ ဆင်ခြင်တတ်သည့် အကျင့်ဖြစ်လာသည်။ မှားခြင်း၊ မှန်ခြင်း၊ ကုသိုလ်၊ အကုသိုလ်တို့ကို ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ ခွဲခြမ်းစိတ်ဖြာတတ်သည့် စိတ်အတွေးကိုလည်း ယခင်ကထက် ပို၍အလေ့အကျင့်ရလာခဲ့ပြီ။

******

ဦးနှောက်နှင့်နှလုံးသားတို့သည် အာရုံခြောက်ပါးကို ကျွမ်းကျင်စွာ မထိန်းသိမ်းနိုင်သေး။ သို့သော် နားစည်ထဲသို့ ရိုက်ခတ်လာသော စကားသံတို့၏ တန်ဖိုးနှင့် အနှစ်သာရတို့ကို ခုံမင်နှစ်သက်လျက် ကျေကျေနပ်နပ်လက်ခံနိုင်စွမ်းကိုမူ ရရှိခဲ့ပြီ။ ဆင်ခြင်အသုံးပြုနိုင်စွမ်းလည်းရှိခဲ့ပါပြီ။

လွန်ခဲ့သော ငါးနှစ်တာကာလက ကြားခဲ့ရသည့် သက်ကြီးအဘိုးအိုတစ်ဦး၏ သံဝေဂတရားပါ ဆုတောင်းစကားများကို ယခုအချိန်အထိ မှတ်မိနေသေး။ လူ့လောကမှ မပြန်ရသေးခင် မနက်ဖြန်ဟူသော နေ့သစ်များ၌ ဦးနှောက်မှတ်ဉာဏ်ထဲတွင် ဆက်လက်တည်ရှိနေပေလိမ့်မည်။ နှလုံးသားထဲ၌လည်း နှစ်သက်စွဲလမ်းရသည့် သီချင်းတစ်ပုဒ်ကဲ့သို့ပင် သံစဉ်အထက်အကျ၊ အနိမ့်အမြင့် ဖြစ်ပေါ်လျက် နှလုံးသွေးစီးဆင်းမှု မရပ်မချင်း အဆက်မပြတ် စီးဆင်းနေလိမ့်မည် ဖြစ်ပေသတည်း။ ။

# ဆင်သေဆည်ရေသောက် လက်ယာမြောင်းမကြီးမှ နွေသီးနှံများအတွက် စိုက်ပျိုးရေပြန်လည်ပေးဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

ဆင်သေရေလှောင်ဆည် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်နေမှုအခြေအနေများအား ဧပြီ ၁၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဆည်ရေသောက်လယ်များသို့ အချိန်တိုအတွင်း ရေပေးဝေနိုင်ရေးဆောင်ရွက်ရန် ညွှန်ကြားချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျိုးပေါက်ပျက်စီးခဲ့သည့် ကျောက်ဖြည့်တမံအမျိုးအစား ရေလွှဲဆည်အားစက်ယန္တရားများဖြင့် ယာယီမြေသားတမံလုပ်ငန်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဆင်သေရေလှောင်တမံ၏ ရေဆင်းဇရိယာမှ ရေများကို ရေသွယ်မြောင်းတူးဖော်၍ လက်ယာမြောင်းမကြီးသို့ တိုက်ရိုက်ရေပေးသွင်းခဲ့ရာ လက်တံမြောင်းများသို့ ယနေ့တွင် ရေစတင်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ အလားတူ ရေလွှဲဆည်အတွင်း ရေခေါ်မြောင်းတူးဖော်၍ ရေစုဇရိယာမှတစ်ဆင့် ရေတင်စက်များ အသုံးပြုကာ လက်ဝဲမြောင်းမကြီးသို့ ရေပေးသွင်းနိုင်ရေးလုပ်ငန်းမှာ ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဧပြီ ၂၃ ရက်တွင် လက်ဝဲမြောင်းမကြီးနှင့် လက်တံမြောင်းများသို့ ရေပေးသွင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဆင်သေရေလွှဲဆည် လက်ယာမြောင်းမကြီးမှ ရေများလက်တံမြောင်းများတစ်လျှောက် စီးဝင်လာမှု၊ နွေစပါးစိုက်ခင်းများသို့ ရေစတင်ရောက်ရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တောင်သူတစ်ဦးချင်း၏ လုပ်ငန်းခွင်တွင် လိုအပ်သည်များ မေးမြန်းဆောင်ရွက်ပေးခဲ့သည်။

နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆင်သေရေလှောင်တမံ၏ ရေဆင်းဇရိယာမှ ရေများကို ရေသွယ်မြောင်းတူးဖော်၍ လက်ယာမြောင်းမကြီးသို့ ရေပို့လွှတ်နေမှု၊ စက်ယန္တရားများဖြင့် ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်) ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လက်ဝဲမြောင်းမကြီးသို့ ရေပေးသွင်းနိုင်ရေး စီမံဆောင်ရွက်နေမှု၊ လက်ယာမြောင်းမကြီးတစ်လျှောက် ရေစတင်ဝင်ရောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီး ဆင်သေရေလှောင်တမံ၏ ဆည်ရေများကို လက်ဝဲလက်ယာမြောင်းမကြီးများဖြင့် ရေသောက်စနစ်သို့ ထိန်းညှိပို့လွှတ်ပေးလျက်ရှိသည့် ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်)သည် မန္တလေးငလျင်ကြီးကြောင့် မတ် ၂၈ ရက်တွင် ပထမအကြိမ်ထိခိုက်ပျက်စီးခဲ့ပြီး ဧပြီ ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်များကြောင့် ဒုတိယအကြိမ် ထပ်မံကျိုးပေါက်ပျက်စီးခဲ့ရသဖြင့် ရေသောက်စနစ်အတွင်းရှိ နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေမှု နှောင့်နှေးခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများ အချိန်မီရရှိအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ နေရာချထားရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်၊ ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၇**

စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား နေရာချထားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ခြံအမှတ် အေ-၅ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ နေပြည်တော်ရှိ ဝန်ထမ်းများ အမိုးအကာအောက်တွင် ထားရှိနိုင်ရေးအတွက် ယာယီတဲများ ထပ်မံဆောက်လုပ်နိုင်ရေး၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ သင်တန်းကျောင်းများရှိ အဆောက်အအုံများတွင် ဝန်ထမ်းများနှင့် မိသားစုဝင်များ ထားရှိနိုင်ရေး၊ အခြေခံပညာ အထက်တန်း ကျောင်းများတွင် နေရာချထားသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ယာယီ အဆောက်အအုံများ ဆောက်လုပ်ရေး၊ ရုံးပတ်ဝန်းကျင်၌ ဝန်ထမ်းများထားရှိနိုင်ရေး အတွက် နေရာများရှာဖွေ၍ ကြိုတင်ပြင်ဆင်ရေး၊ လက်ရှိအချိန်တွင် နေပြည်တော်ရှိ ဝန်ထမ်းများအနက် အမိုးအကာအောက်သို့ ရွှေ့ပြောင်းနေရာချထားမှုစာရင်း၊ ထပ်မံနေရာချထားရမည့် အင်အားစာရင်းတို့ကို ဦးစီးဌာန၊ စက်မှုလုပ်ငန်းများအလိုက် စနစ်တကျပြုစုထားရှိရေး၊ အိမ်ရာများအား စစ်ဆေးခဲ့သည့် စစ်ဆေးရေးအဖွဲ့များ သတ်မှတ်ခဲ့သည့် အပြာရောင်အဆင့်ရှိ အိမ်ရာများတွင် နေထိုင်သည့်ဝန်ထမ်းအင်အား စာရင်းပြုစုထားရှိရေး ကိစ္စရပ်များကို ဆွေးနွေးအတည်ပြု ဆုံးဖြတ်ခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်ရာများစစ်ဆေးရေးအဖွဲ့မှ အပြာရောင်အဆင့် သတ်မှတ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား နေရာချထားသော တိုက်အမှတ် ၅၁၀၁၊ ၅၁၀၂၊ ၅၁၀၄၊ ၅၁၀၅ တို့သို့ သွားရောက်၍ ဝန်ထမ်းများ နေထိုင်နေမှုအခြေအနေ၊ အိမ်ရာအဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ သီရိရတနာအဆင့်မြင့်ဈေးရှိ Gold Twin Tigers Trading Co., Ltd. ၏ JIDU EV Car Showroom ၌ ဝန်ထမ်းများအား နေရာချထားမှု၊ အိမ်ရာစစ်ဆေးရေးအဖွဲ့မှ အနီရောင်သတ်မှတ်ထားသည့် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား နေရာချထားသော တိုက်အမှတ် ၂၅၁ သို့လည်းကောင်း၊ ရုံးအမှတ်(၃၀)ရှိ ပျက်စီးမှုအခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

ဧပြီ ၂၁ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

**ယနေ့ညနေမှ ၂၁-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




❍ *ကျောဖုံးမှ*

ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ တစ်နိုင်ငံလျှင် အနည်းဆုံးတစ်ဦးမှ အများဆုံး သုံးဦးအထိ ရွေးချယ်မည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မောင်မောင်လွင်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မောင်မောင်လွင်အနေဖြင့် နာမည်ကြီး မန်ချက်စတာယူနိုက်တက်အသင်းကို ပြိုင်ဘက်အဖြစ် ရင်ဆိုင်ခွင့်ရမည့်အပြင် ကမ္ဘာကျော်ဘောလုံးသမားများနှင့်လည်း ကစားခွင့်ရရှိမည်ဖြစ်သည်။

မောင်မောင်လွင်သည် ထိုင်းလိဂ်-၁ ကလပ် လမ်ဖွန်ဝါရီယာအသင်းတွင် ကစားနေသူဖြစ်ပြီး ၂၀၁၅ ခုနှစ်ကတည်းက မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသူဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး

❖ **မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို လေ့လာထားပါ။**

❖ **ဘေးကင်းလုံခြုံသော နေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာနှစ်ဆန်း တစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းနှင့် စတုဒိသာကျွေးမွေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများက မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်း ငါးသားပေါက်များနှင့် ငှက်များအား ကုသိုလ်မင်္ဂလာပြု၍ စုပေါင်းဘေးမဲ့လွှတ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဗဟိုသင်တန်းကျောင်းစားရိပ်သာ၌ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့်ဇနီး မိသားစုတို့က မြန်မာနှစ်ဆန်းတစ်ရက်နေ့ စတုဒိသာအဖြစ် လှူဒါန်းသည့် ရွှေရင်အေးနှင့် နံနက်စာ၊ အလှူရှင်များက လာရောက်လှူဒါန်းသည့် ငါးပိကြော်ဘူးနှင့် ချဉ်ပေါင်ရွက်ကြော်ဘူးများကို လျှော်ကြေးသင့် ဝန်ထမ်းများနှင့် မှီခိုမိသားစုများအား ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ဝန်ကြီးဌာနရှိ လျော်ကြေးသင့် ဝန်ထမ်းများနှင့် မှီခိုမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် China Southern Power Grid (CSG) မှ လာရောက်လှူဒါန်းသည့် ယာယီရွက်ဖျင်တဲများအနက်မှ တပ်ဆင်တည်ဆောက်ပြီးစီးသည့် တဲများနှင့် သင်တန်းဆောင်များအတွင်း အခန်းများဖွဲ့စည်းပြီးသည့် ခန်းမများတွင် နေထိုင်လျက်ရှိသည့် လျော်ကြေးသင့် ဝန်ထမ်းများနှင့် မှီခိုမိသားစုများအား နေရာချထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# (၆၁) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**စစ်တွေ ဧပြီ ၁၇**

(၆၁) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်-မြန်မာ သက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်တွေမြို့ မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်ရိုးရာမင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ပြီး မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဝင် ဦးအောင်ကိုကိုက ကေပိုဒ်ရတုဖြင့် ရွတ်ဆိုပူဇော်သည်။



ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နှစ်ဆန်းတစ်ရက်၏ အစောဆုံးနံနက်ချိန်ခါတွင် အပူဇော်ခံသက်ကြီးဘိုးဘွားများကို ပူဇော်ပွဲပြုလုပ်ပြီး ပူဇော်ခွင့်ရ၍ များစွာဝမ်းသာ ကြည်နူးရကြောင်း၊ သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီအနေဖြင့်လည်း ယနေ့(၆၁)နှစ်မြောက် သက်ကြီးပူဇော်ပွဲမှသည် နှောင်အစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း ပြုလုပ်နိုင်ကြပါစေကြောင်း ဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဦးဆောင်ပြီး သက်ကြီးအဘိုး၊ အဘွားများအား လက်အုပ်ချီမိုး ဦးချပူဇော်ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့များက သက်ကြီးအဘိုး၊ အဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးတို့က စစ်တွေမြို့ပေါ်ရှိ သက်ကြီးအဘိုး၊ အဘွား ၆၃၈ ဦးအတွက် အလှူငွေကျပ် ၃၁၉၀၀၀၀၀ အား လှူဒါန်းကြရာ စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇံမောင်က လက်ခံရယူပြီး ရခိုင်ပြည်နယ်လူမှုရေးရာဝန်ကြီးဌာနမိသားစုမှ အဘိုး၊ အဘွား ၁၀၈ ဦးအတွက် လှူဒါန်းငွေကျပ် ၁၀၈၀၀၀၀ ကို ကော်မတီအဖွဲ့ဝင် ဦးလင်းလင်းက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် အလှူရှင်၊ စေတနာရှင်များက အဘိုး၊ အဘွားများအား အလှူငွေနှင့်ဆေးဝါးများ၊ လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြရာ အပူဇော်ခံ အဘိုး၊ အဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့စကား ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဧပြီ ၁၇**

ဘူတန်ဘုရင့်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင် ၅၁ ဦးသည် ပထမအသုတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဘူတန်ဘုရင့်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ဘူတန်ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးသိန်းဇော်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဘူတန်ဆေးဘက်ဆိုင်ရာအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ (ပေါင်းလောင်း)တွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ ဧပြီ ၃ ရက်မှ ၁၆ ရက်အထိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# လျော်ကြေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတွင် ဧပြီ ၁၇ ရက်အထိ သေဆုံးသူ ၃၆၆၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၂၄ ဦးနှင့် ပျောက်ဆုံးသူ ၁၂၉ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၅၂ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၁၆ ရက် ည ၇ နာရီမှ ဧပြီ ၁၇ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ-ထိုင်ဝမ် ကုန်သည်ကြီးများအသင်းက လှူဒါန်းသည့် ပစ္စည်းများဖြစ်သော ၉၇၅ ကီလိုဂရမ် အလေးချိန်ရှိ ရွက်ဖျင်တဲ၊ မိုးကာ ၇၇ ပုံး ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြန်မာ့နှစ်သစ်ကူးအခါသမယတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံခြားသား အပါအဝင် အကျဉ်းသား အကျဉ်းသူ ၈၉၁ ဦး ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု



**ရန်ကုန် ဧပြီ ၁၇**

မြန်မာ့နှစ်သစ်ကူး အခါသမယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အမိန့်အမှတ် ၃၀၊ ၃၁ နှင့် ၃၂/၂၀၂၅ ဖြင့် အကျဉ်းထောင်၊ အလုပ်ထောင်နှင့် အလုပ်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံခြားသားအပါအဝင် အကျဉ်းသား အကျဉ်းသူ ၈၉၁ ဦး ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား အကျဉ်းသူများကို အင်းစိန်ဗဟိုအကျဉ်းထောင် မိုးလုံလေလုံအားကစားရုံခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်တို့က ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။

မြန်မာ့နှစ်သစ်ကူး အခါသမယနေ့တွင် အင်းစိန်အကျဉ်းထောင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ နိုင်ငံခြားသား အကျဉ်းသား ၁၀ ဦး၊ အကျဉ်းသား ၆၅၅ ဦးနှင့် အကျဉ်းသူ ၂၂၆ ဦး စုစုပေါင်း ၈၉၁ ဦးတို့ကို သက်ဆိုင်ရာခရိုင်အလိုက် YBS ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ လာရောက်ကြိုဆိုသူများက ဝမ်းသာပီတိပျော်ရွှင်မှုတို့ဖြင့် အင်းစိန်ဗဟိုအကျဉ်း ထောင်ဂိတ်ဝတွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ- ကနူး**

## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၂၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ



**မန္တလေး ဧပြီ ၁၇**

မြန်မာ့နှစ်သစ်အခါသမယအထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင် / စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၄၈၉၃ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၂၀ လွတ်ငြိမ်းခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၃၄၁ ဦး၊ အကျဉ်းသူ ၇၉ ဦး စုစုပေါင်း ၄၂၀ တို့အား မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းဗိုလ်တို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယနေ့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းနှင့် စပ်လျဉ်း၍ မန္တလေး ဗဟိုအကျဉ်းထောင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က "ဒီနေ့လွတ်ငြိမ်းခွင့်ရရှိသူတွေအတွက် နိုင်ငံတော်က နေ့စဉ် တစ်နေ့တာအတွက် စားစရိတ်တွေ၊ လုပ်အားခတွေနဲ့ ခရီးစရိတ်တွေကိုလည်း တွက်ချက်ပြီး ထုတ်ပေးပါတယ်။ သူတို့လိုရာခရီးကို သွားနိုင်ဖို့အတွက်ကိုလည်း ဌာနပိုင်မော်တော်ယာဉ်တွေနဲ့ စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒီလိုလွတ်မြောက်လာတဲ့သူတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတွေကလည်း နိုင်ငံတော်အတွက် အကျိုးရှိမယ့် ကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ဖို့ ဆုံးမစကားတွေ ပြောကြားခဲ့ပါတယ်။ အခုအချိန်မှာ မန္တလေး ငလျင်ကြီးလည်း ဖြစ်ပွားသွားခဲ့တဲ့ အပေါ်မှာ အကျဉ်းကျနေတဲ့သူတွေရဲ့ မိသားစုတွေကလည်း စိတ်ပူကြပါတယ်။ အခုလို နိုင်ငံတော်အကြီးအကဲက မေတ္တာရှေ့ထားပြီး ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် သက်ဆိုင်ရာ မိသားစုဝင်တွေ ပျော်ပျော်ရွှင်ရွှင်ပေါင်းစည်းကြတာ မြင်ရတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "အခုလို လွတ်မြောက်လာတဲ့ အတွက် ဝမ်းသာမိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အကျဉ်းထောင်ထဲမှာ ကျန်ရှိတဲ့သူတွေလည်း အမြန်ဆုံး လွတ်မြောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ နှစ်သစ်မှာ မိသားစုနဲ့ တွေ့ရတော့မှာ ဖြစ်တဲ့အတွက် အရမ်းကို ပျော်ရွှင်မိပါတယ်။ ရင်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။ အကျဉ်းထောင်တာဝန်ရှိသူတွေကလည်း တကယ့်ကို မိဘသဖွယ်စောင့်ရှောက်ပေးကြပါတယ်။ အနာဂတ်မှာ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အကျိုးရှိစွာ နေထိုင်ဆောင်ရွက်သွားပါမယ်" ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင် ငါးထောင်မှ အကျဉ်းသား ၅၁၇ ဦး၊ အကျဉ်းသူ ၁၃၄ ဦး စုစုပေါင်း ၆၅၁ ဦး၊ ကုန်ထုတ်စခန်းများမှ အကျဉ်းသား ၁၆၈ ဦး၊ အကျဉ်းသူ ၃၄ ဦး စုစုပေါင်း ၂၀၂ ဦးဖြင့် ယနေ့တွင် တိုင်းဒေသကြီးအတွင်း အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၈၅၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

◆ *ကျောဖုံးမှ*

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူတို့ကို ပြည်နှင်ဒဏ် ပေးလိုက်ကြောင်း သိရသည်။

အကျဉ်းသား အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးတစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှ လည်းကောင်း၊ စခန်းများမှ လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများကို အလုပ်ဆင်းရက်အပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားဖြင့် တွက်ချက်ထားသောလုပ်အားခဆုငွေများကို အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှလည်းကောင်း ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသားများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင် တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာ ဒေသရှိခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

လွတ်မြောက်သွားသူ ၄၉၀၆ ဦးအနက် ကချင်ပြည်နယ်မှ ၉၃ ဦး၊ ကယားပြည်နယ်မှ ကိုးဦး၊ ကရင်ပြည်နယ်မှ ၈၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃၀၊ ပဲခူးတိုင်းဒေသကြီးမှ ၄၈၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၁၀ ၊ မန္တလေးတိုင်းဒေသကြီးမှ ၉၄၃ ဦး၊ မွန်ပြည်နယ်မှ ၅၁၃ ဦး၊ ရခိုင်ပြည်နယ်မှ ၆၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁၄၉ ဦး၊ ရှမ်းပြည်နယ်မှ ၃၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၇၃၁ ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများမှ လူငယ် ၁၀၁ ဦးလွတ်မြောက်သွားကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးစွာ ပွေ့ဖက်နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းသားများအား တာဝန်ရှိသူတစ်ဦးက ဆုံးမသြဝါဒစကားပြောကြားစဉ်။

## ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ညောင်ဦး ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းကို ယနေ့ နံနက် ၁၁ နာရီက ညောင်ဦးအကျဉ်းထောင်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုးက အပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားအကျဉ်းသူများကို ဆုံးမသြဝါဒစကားပြောကြားပြီး ညောင်ဦး အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးဝင်းဇော်မင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖတ်ကြားကာ တာဝန်ရှိသူများက လွတ်မြောက်ခွင့်ရရှိသူများကို ခရီးစရိတ်နှင့်ခံစားခွင့်တို့ ထုတ်ပေးခဲ့ကြောင်း၊ ညောင်ဦး အကျဉ်းထောင်မှ အကျဉ်းသား ၂၁ ဦး၊ အကျဉ်းသူ သုံးဦး စုစုပေါင်း ၂၄ ဦး လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**



# ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ် နှစ်ဟောင်း ကုန်လွန်၍ ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ အခါသမယ တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ပြည်သူများ ကုသိုလ် ကောင်းမှုများ ပြုလုပ်လျက်ရှိကြသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် ၁၃၈၇ ခုနှစ် နှစ်သစ်မင်္ဂလာအခါတော်နေ့ အန္တရာယ် ကင်း ပရိတ်တော်နှင့် ရေစက်ချအနုမောဒနာတရား နာယူခြင်း အခမ်းအနားနှင့် ဇီဝိတဒါန ဘေးမဲ့ သက်လွှတ်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းမှ စတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် များနှင့်ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပက ရုံးဝန်ထမ်းများက ညှို့ခံတန်ဆောင်း၌ နှစ်သစ် မင်္ဂလာအခါတော်နေ့အဖြစ်ရွှေတိဂုံစေတီတော်မြတ် ကြီးအား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော် ကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပ ကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နှစ်သစ်မင်္ဂလာအခါတော်နေ့ အန္တရာယ်ကင်းပရိတ်တော်နှင့် ရေစက်ချအနုမောဒနာ တရားနာယူပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ ဘဏ္ဍာ တော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဂေါပကရုံး ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြ သည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါ စရိယ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ သ.အ.စ ဓမ္မာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ ထံမှ ညှို့ပရိသတ်များက နဝင်္ဂသီလခံယူ ဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ် တရားတော်များ နာကြားကြသည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသောင်းစိန်ဦးက အဖွင့် မင်္ဂလာစကား ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး နှင့်ဇနီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး နှစ်သစ် အချိန်အခါသမယတွင် ပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ၊ ဝိနယ+ဒီဃနိကာယပါဠိပါရဂူ၊ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော် မြောက်ဘက် အောက်ပစ္စယာ သိင်္ဂုတ္တရဥယျာဉ်တော်အတွင်းရှိ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်တွင် ကျင်းပရာ အခမ်း အနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် များနှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ တက်ရောက် ကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဂေါပက အဖွဲ့ဝင် ဦးသောင်းစိန်ဦးက ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်မင်္ဂလာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များက ရောင်စုံရွှေဝါ ငါးကြင်း ကောင်ရေ ၁၀၀၀ အား မင်္ဂလာကန်တော်



အတွင်းသို့ နှစ်သစ်အခါသမယ ဇီဝိတဒါနကုသိုလ် များအဖြစ် လွှတ်ပေးကြသည်။

၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ အခါသမယတွင် အလှူရှင်များက ရွှေတိဂုံစေတီတော် မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူပြည်သူများ အားစောင်းတန်းလေးသွယ်မုခ်ဦးများ၌ သီးစုံဒံပေါက်၊ ရေသန့်နှင့် အချိုရည်များ၊ စတုဒိသာများ ဝေငှ ကျွေးမွေးလှူဒါန်းခဲ့သည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့်ဌာနဆိုင်ရာများက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကိုယနေ့ နံနက်ပိုင်း က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အဘိုးအဘွားများကို ပူဇော်ကန်တော့ ကြပြီး ကန်တော့ခံပစ္စည်းများပေးအပ်ကာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအတွက် အလှူငွေများ လှူဒါန်းခဲ့ သည်။

ထို့ပြင် မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် မုစလိန္ဒနဂါးမျိုးနွယ် ကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ် ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သင်္ကန်းသဖွယ် ကပ်လှူပူဇော်ထားသော နာဂစိဝရာပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည် တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာ နေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင်တစ်ရက်၊ ၁၃၈၆ခုနှစ် မြန်မာ နှစ်ဆန်း တစ်ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ပူဇော်မှုကို ဘုရားဖူးလာ ပြည်သူ များက လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် ကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ် လျက်ရှိသော ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ နှစ်သစ်ဦးအလှူအဖြစ် အရုဏ်ဆွမ်းဆက်ကပ်ခြင်းနှင့် ရေစက်ချအလှူတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ၊ ဆရာတော်ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရထံမှ ပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နေကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြု၍ နှစ်သစ်အခါသမယကို ကြိုဆို

**မန္တလေး ဧပြီ ၁၇**

ယနေ့ကျရောက်သော နှစ်သစ် ကူးပြောင်းသည့် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဘုရားစေတီပုထိုးများတွင် ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ပရိတ် ပဌာန်းများ ရွတ်ဆိုပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ရပ်ကွက်လမ်းများပေါ်တွင် သံဃာ တော်များအား ဆွမ်းဆက်ကပ် လောင်းလှူခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြ ကာ နှစ်သစ်အခါသမယကို ကြိုဆို ခဲ့ကြသည်။



မန္တလေး ငလျင်ကြီးကြောင့် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင် တော်မြတ်ကြီး၏ မကိုဋ်တော် အနည်းငယ် တိမ်းစောင်းသွားမှု အား ပြင်ဆင်ပြီးစီးသဖြင့် ယနေ့ နှစ်ဆန်းတစ်ရက်နေ့တွင် ရုပ်ပွား တော်မြတ်ကြီးအား မျက်နှာသစ် တော်ဝတ်အဖွဲ့မှ မျက်နှာသစ် တော်မူပြီး မန္တလေးဒေသခံ ပြည်သူများနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များ ဖူးမြော်ကြည်ညိုနိုင်ရန် LED Boardဖြင့် ပြသပေးခဲ့ရာ ဘုရားဖူး လာပြည်သူများက မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ အတိုင်းရုပ်ပွားတော်မြတ်ကြီးအား ရည်စူး၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း ဖူးမြော် ကြည်ညိုကြသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရား ၌ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ် ပူဇော်ပွဲများကျင်းပလျက်ရှိကာ တောင်ခြေရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၌ ယနေ့နှစ်ဆန်းတစ်ရက် နေ့မှစ၍ နှစ်သစ်ကူးအန္တရာယ် ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကြီး ကို ကျင်းပလျက်ရှိသည့်အပြင် ဘုရားဖူးလာ ပြည်သူများကို အာဟာရစတုဒိသာ ကျွေးမွေး လှူဒါန်းကြသည်။

အလားတူ မန္တလေးမြို့ အတွင်းရှိ တန်ခိုးကြီးဘုရားများ တွင်လည်း ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများ၊ ဘုရားစေတီ များ၏ အေးချမ်းသည့် အရိပ် အာဝါသအောက်တွင် တရား ဘာဝနာ ပွားများကြသူများနှင့် ဇီဝိတဒါန ငါးလွှတ်ကြသူများကို လည်း တွေ့မြင်ခဲ့ရပြီး အဆိုပါ ဘုရားဖူး ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက စတုဒိသာကျွေးမွေး လှူဒါန်းခြင်း၊ ရပ်ကွက်များတွင်လည်း စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်းများဖြင့် ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ်ကြကာ နှစ်သစ်ကိုကြိုဆို ခဲ့ကြသည်။

အလားတူ မဟာအတုလ ဝေယံ(အတုမရှိ) ကျောင်းတော် ကြီးတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့က ဦးစီး၍ မြန်မာနှစ်ဆန်း တစ်ရက်နေ့ နံနက် ၅ နာရီတွင် သံဃာတော် ၁၀၈ ပါးအား အရုဏ် ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော် နာကြားခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်းတို့ကို ပြုလုပ်ခဲ့ ကြပြီး အသက် (၉၀) နှစ်နှင့် အထက် အဘိုးအဘွားများကို လည်း ကန်တော့ခြင်းများအပြင် အာဟာရင္ဂက်သိုက်နှင့်ကြက်သား ဆန်ပြုတ်များ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ညနေပိုင်းတွင် အဆိုပါ ကျောင်းတော်ကြီး၌ နှစ်ဦး တရားပွဲကိုလည်း ကျင်းပခဲ့သည်။

ညနေပိုင်းတွင် မန္တလေးမြို့ အတွင်းရှိ ရပ်ကွက်များ၊ လမ်းများ၊ ဓမ္မာရုံများ၌ ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော် များ၊ ကမ္မဝါစာများ နာကြားကြ ခြင်း၊ နှစ်သစ်တွင် မကောင်းမှု ကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများ ကြခြင်းဖြင့် မြန်မာ့နှစ်ဆန်းတစ် ရက် နှစ်သစ်မင်္ဂလာ အခါသမယ နေ့တွင် မန္တလေးမြို့တော် တစ်ခွင် လုံး၌ ကုသိုလ်ကောင်းမှု ပြုကြ၍ တရားဓမ္မသံများ ဖုံးလွှမ်းကာ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ငလျင်လှုပ်ခတ်ခြင်း၏ တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်များအပေါ် သက်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ချဉ်းကပ်မှု

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)

**ငလျင်လှုပ်ခတ်ခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိများအပေါ် ကြီးမားသော သက်ရောက်မှုရှိပါသည်။ လူသားများသာမက တိရစ္ဆာန်များနှင့် သစ်ပင်များကို သိသိသာသာ ထိခိုက်စေနိုင်ပြီး နေထိုင်ရာပျက်စီးခြင်း၊ ရွှေ့ပြောင်းခြင်းများကို ဖြစ်စေနိုင်ပါသည်။ ငလျင်ကြောင့် မြေပြိုမှုများဖြစ်ပေါ်ကာ သဘာဝကျက်စားရာနေရာများပျက်စီးခြင်း၊ တိရစ္ဆာန်များ ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းတို့ဖြစ်စေနိုင်သည်။ လူနေမြို့ရွာများတွင် နေထိုင်သော တိရစ္ဆာန်များမှာ ပြိုကျသော အဆောက်အအုံအောက်၌ နစ်မြုပ်ခံရနိုင်သည်။**

ငလျင်သည်ကုန်းပေါ်တွင် မနေထိုင်သော တိရစ္ဆာန်များ (ဥပမာ – ဝေလငါးများ) အပေါ်တွင်ပါ သက်ရောက်မှုရှိသည်။ ငလျင်မှ ထွက်ပေါ်လာသော ရေအောက်အသံများသည် ကမ္ဘာပေါ်တွင် အကျယ်ဆုံး အသံများထဲမှ တစ်ခုဖြစ်သောကြောင့် ဝေလငါးများတွင် အကြားအာရုံဆိုင်ရာ ပြဿနာများ၊ နေရပ်ပြောင်းရွှေ့ခြင်းနှင့် အပြုအမူပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်သည်။ ဝေလငါးများသည် အသံဖြင့် ဆက်သွယ်ခြင်း၊ သားကောင်ရှာဖွေခြင်းနှင့် လမ်းကြောင်းရှာခြင်းတို့အတွက် အကြားအာရုံကို မှီခိုအားထားရသောကြောင့် ဤအချက်သည် ၎င်းတို့အတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။



မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်၌ ပျက်စီးသွားသည့် လမ်းပိုင်းတစ်နေရာ။

လေ့လာမှုများအရ တိရစ္ဆာန်များသည် ငလျင်ကို အမျိုးမျိုးသောနည်းလမ်းဖြင့် တုံ့ပြန်ကြပြီး အထူးသဖြင့် ခွေးများနှင့်နွားများတွင် ပိုမိုသိသာထင်ရှားသော တုံ့ပြန်မှုများရှိကြောင်း တွေ့ရှိရသည်။ လေ့လာချက်များအရ တိရစ္ဆာန်များသည် ငလျင်လှုပ်ခတ်မှုကို လူသားများထက် မိနစ်ပိုင်းမှနာရီပိုင်း အလိုတွင် ကြိုတင်သိရှိနိုင်ကြောင်း တွေ့ရှိရသည်။ ဤအချက်မှာ ၎င်းတို့၏ P-wave (Primary wave) နှင့် အနိမ့်ကြိမ်နှုန်းအသံ (Infrasound 20 Hz အောက်ကြိမ်နှုန်း) များကို အာရုံခံနိုင်သော အထူးစွမ်းရည်ကြောင့်ဖြစ်သည်။ ငလျင်လှုပ်ခတ်စဉ် အစောပိုင်းတွင် မြေကြီးအတွင်းမှ အလျင်မြန်ဆုံးဖြတ်သန်းသော P-waves (ပထမလှိုင်း)ကို တိရစ္ဆာန်များက လူသားများထက် ပိုမိုအာရုံခံနိုင်သည်။ P-waves သည် S-waves (ဒုတိယလှိုင်း) ထက်လျင်မြန်ပြီး ပျက်စီးမှုနည်းသော်လည်း တိရစ္ဆာန်များ၏ အာရုံကြောစနစ်နှင့် မြေကြီးတုန်ခါမှုအား ခံနိုင်စွမ်းရှိခြင်းတို့ကြောင့် ၎င်းတို့သည် ဤလှိုင်းများကို စောင့်ကြည့်နိုင်သည်။ ဥပမာ ဆင်များသည် နှာမောင်းဖျားဖြင့် မြေကြီးကိုထိတွေ့ကာ P-waves ကို အာရုံခံပြီး ငလျင်မလှုပ်မီ စက္ကန့်ပိုင်းအတွင်း တုန်လှုပ်မှုကို သိရှိနိုင်သည်။ ခွေး၊ နွားကဲ့သို့သော တိရစ္ဆာန်များသည် ငလျင်မလှုပ်မီနာရီပိုင်း/ရက်ပိုင်း ကြိုတင်၍ ပုံမှန်မဟုတ်သော ငြိမ်သက်ခြင်း သို့မဟုတ် ဂနာမငြိမ်ခြင်း အလွန်အမင်းလှုပ်ရှားတတ်ကြသည်။

၂၀၀၄ ခုနှစ် ဆူနာမီဘေးအတွင်း အိန္ဒိယသမုဒ္ဒရာကမ်းခြေရှိ တိရစ္ဆာန်များသည် ဘေးအန္တရာယ်မရောက်မီ ကုန်းမြင့်ဘက်သို့ ပြေးခဲ့ကြသည်ကို တွေ့ရှိရသည်။ ဤဖြစ်ရပ်သည် တိရစ္ဆာန်များ၏ သဘာဝဘေးကြိုတင်သိရှိနိုင်စွမ်းကို အတည်ပြုခဲ့သည်။

ငလျင်ကြောင့် မွေးမြူရေးတိရစ္ဆာန်များအပေါ် ပြင်းထန်သော သက်ရောက်မှုရှိနိုင်ပြီး ဒဏ်ရာရခြင်း၊ သေဆုံးခြင်းနှင့် မွေးမြူရေးထုတ်လုပ်မှုများ နှောင့်နှေးခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အစားအစာဖူလုံရေးအတွက် ရေရှည်အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသည်။

အထူးသဖြင့် မတ် ၂၈ ရက်က လှုပ်ခတ်သော "မန္တလေးမြေငလျင်ကြီး"ကြောင့် မြန်မာနိုင်ငံ၌ ကြီးမားသော ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး နေရာရွှေ့ပြောင်းရခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့်အတူ လူနှင့် တိရစ္ဆာန်များ အကြီးအကျယ် ထိခိုက်ခဲ့ပါသည်။ အလားတူပင် တောရိုင်းတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များအပေါ်တွင်လည်း သက်ရောက်မှုရှိခဲ့သည်။ "Veterinarians Without Borders" (VWB) အဖွဲ့၏ထုတ်ပြန်ချက်အရ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတို့တွင် မွေးမြူရေးတိရစ္ဆာန်များ ထိခိုက်ခဲ့သည်။ ဤအခြေအနေသည် မွေးမြူရေးလုပ်ကိုင်နေသူများအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး တိရစ္ဆာန်များ၏ ဘဝနှင့် လူမှုစီးပွားအပေါ် ရေရှည်သက်ရောက်မှုရှိနိုင်သည်ကို သတိပြုမိရန် အရေးကြီးပါသည်။

## ငလျင်၏ တိရစ္ဆာန်များအပေါ် တိုက်ရိုက်သက်ရောက်မှုများ

**မြေပြိုမှုနှင့် မြေအက်ကြောင်းများ** – တောတောင်ဒေသများတွင် တိရစ္ဆာန်ကျက်စားရာနေရာများ ပျက်စီးခြင်း ၊ မြေအောက်နေတိရစ္ဆာန်များ မြေမြုပ်သေဆုံးခြင်း၊ နွားနှင့် ကျွဲများကဲ့သို့သော တိရစ္ဆာန်များ ဒဏ်ရာရနိုင်ခြင်းတို့ ကြုံတွေ့နိုင်သည်။

**မြေမျက်နှာပြင် အမြင့်ပြောင်းလဲခြင်း** – ရေချိုငါးများ၏ ရေစီးကြောင်းပြောင်းခြင်း၊ ရေတိမ်ဒေသများ ပျောက်ဆုံးခြင်းနှင့် ကုန်းနေရေနေသတ္တဝါများ (ဥပမာ– လိပ်၊ ဖား) ၏ ပတ်ဝန်းကျင်ပျက်စီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

## သွယ်ဝိုက်သော သက်ရောက်မှုများ

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ – FAO ၏ အချက်အလက်များအရ ငလျင်များသည် မွေးမြူရေးကဏ္ဍကို ပြင်းထန်စွာထိခိုက်စေပြီး ထုတ်လုပ်မှုဆုံးရှုံးခြင်းများ၊ တိရစ္ဆာန်များအတွက် နေရာထိုင်ခင်းများ ပျက်စီးခြင်းနှင့် တိရစ္ဆာန်များစွာ သေဆုံးခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ငလျင်ကြောင့် လယ်သမားများနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်များ ဆုံးရှုံးခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့် ထုတ်လုပ်မှုများ နှောင့်နှေးခြင်းတို့ကြောင့် ကြီးမားသောစီးပွားရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သည်။ တိရစ္ဆာန်များသည် ရောဂါဖြစ်ပွားမှုများနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုကဲ့သို့သော အခြားဘေးအန္တရာယ်များကို ပိုမိုခံနိုင်ရည်နည်းလာနိုင်သည်။ တိရစ္ဆာန်များ ဒဏ်ရာရခြင်း၊ စိတ်ဖိစီးခြင်း သို့မဟုတ် လုံလောက်သောအစာနှင့် နေရာထိုင်ခင်းမရရှိခြင်းတို့ကြောင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအပေါ် ကြီးမားသောသက်ရောက်မှုရှိနိုင်သည်။ မွေးမြူရေးထုတ်လုပ်မှုများနှောင့်နှေးခြင်းကြောင့် အသား၊ နို့နှင့် အခြားတိရစ္ဆာန်ထွက်ကုန်များ ရှားပါးလာနိုင်ပြီး အသားကဏ္ဍထုတ်လုပ်မှုကို ထိခိုက်စေနိုင်သည်။ နွားများတွင် စိတ်ဖိစီးမှုဟော်မုန်း (Cortisol) များပြားခြင်းသည် နို့ထုတ်လုပ်မှုကို ဟန့်တားခြင်းကြောင့် နို့ထွက်နှုန်း ၃၀–၅၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။ နို့အုံရောင်ခြင်း (Mastitis)ဖြစ်နှုန်းမြင့်တက်လာခြင်းနှင့် အာဟာရချို့တဲ့မှုကြောင့် နို့အရည်အသွေး ကျဆင်းခြင်းများ ဖြစ်ပေါ်နိုင်သည်။ ကြက်များ၏ ဥဥမှု ၂၀–၃၀ ရာခိုင်နှုန်းအထိ လျော့ကျပြီး ဥအရွယ်အစားသေးငယ်လာခြင်း၊ ဥခွံပါးလာခြင်းများနှင့် ကြက်များ၏ မျိုးဥဖွံ့ဖြိုးမှု နှောင့်နှေးခြင်းများဖြစ်မည်။ ဝက်၊ နွားများတွင် အစာစားနှုန်း ကျဆင်းမှုကြောင့် တစ်နေ့လျှင် ၀ ဒသမ ၅–၁ ကီလိုဂရမ်အထိ ကိုယ်အလေးချိန်ဆုံးရှုံး၍ စိတ်ဖိစီးမှုကြောင့် အသားတွင် Lactic Acid များပြားကာ အသားမာခြင်းကြောင့် အသားအရည်အသွေးကျဆင်းခြင်းများဖြစ်ပေါ်မည်။ ထိုသို့သောအခြေအနေများဖြစ်ပါက ဖြည့်စွက်စာများ ပိုမိုကျွေးမွေးခြင်း၊ ပရိုတင်းဓာတ်မြင့်မားသော အစာများ ထည့်သွင်းကျွေးမွေးခြင်း၊ ဗီတာမင် B Complex ဖြည့်စွက်စာများပေးခြင်း၊ တိရစ္ဆာန်များအား ငြိမ်သက်စွာထားရှိရန် နေရာလုံလောက်စွာ ဖန်တီးပေးခြင်းနှင့် အလင်းရောင်နှင့် အသံဆူညံမှုကို ထိန်းညှိပေးခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။ နို့ထွက်နှုန်းနှင့် ဥဥနှုန်းကို နေ့စဉ်မှတ်တမ်းတင် ရန်လိုအပ်မည်။ ငလျင်လှုပ်ခတ်ပြီးနောက် ထုတ်လုပ်မှုပမာဏ ပုံမှန်ပြန်ဖြစ်ရန် ၃–၆ လအထိကြာမြင့်နိုင်ပါသည်။ ထိုကာလအတွင်း အာဟာရနှင့် ကျန်းမာရေးစောင့်ကြည့်မှုများ အထူးဂရုပြုရန် လိုအပ်ပါသည်။

အထူးသဖြင့် ငလျင်လှုပ်ခတ်ပြီးနောက်ဆက်တွဲပြဿနာကို ရှောင်ရှားနိုင်ရန်အတွက် တိရစ္ဆာန်များကို မြေသားအရည်ပျော်ခြင်း (liquefaction) နှင့် ရေကြီးရေလျှံသည့် နေရာများမှ ဝေးရာသို့ ခေါ်ဆောင်ပါ။ ထိုရေများတွင် ဇီဝဆိုင်ရာ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းများ ပါဝင်နိုင်သည်။ တိရစ္ဆာန်များကို မသန့်ရှင်းသောရေတွင် ကြာရှည်စွာထားပါက ဗက်တီးရီးယားပိုးဝင်ခြင်းနှင့် ဓာတုမီးလောင်ဒဏ်ရာများဖြစ်ပေါ်ကာ အရေပြားပျက်စီးနိုင်သည်။ အကယ်၍ထိခိုက်ပါက သန့်ရှင်းသောရေဖြင့်ဆေးခြင်း သို့မဟုတ် ရေချိုးပေးခြင်းဖြင့် အရေပြားနှင့် အမွေးကိုသန့်စင်ပေးနိုင်သည်။

တိရစ္ဆာန်များကို မသန့်ရှင်းသောရေ မသောက်မိစေရန် ဂရုပြုပါ။ သန့်ရှင်းသောရေကို လုံလောက်စွာ ထောက်ပံ့ပေးပါ။ အိမ်မွေးတိရစ္ဆာန်များအတွက် ပုလင်းထဲသို့ထည့်ထားသောရေ သို့မဟုတ် ကျိုချက်ထားသော ရေကိုတိုက်ပါ။ အနည်းဆုံး ငါးရက်စာ အစာနှင့်ရေကို အဆင်သင့်ထားပါ။ တိရစ္ဆာန်အများစုသည် ရေဓာတ်ထိန်းသိမ်းရန် ၂၄ နာရီအတွင်း ၎င်းတို့၏ ကိုယ်အလေးချိန်

စာမျက်နှာ ၁၇ သို့

- **လေ့လာမှုများအရ တိရစ္ဆာန်များသည် ငလျင်ကို အမျိုးမျိုးသောနည်းလမ်းဖြင့် တုံ့ပြန်ကြပြီး အထူးသဖြင့် ခွေးများနှင့်နွားများတွင် ပိုမိုသိသာထင်ရှားသော တုံ့ပြန်မှုများရှိကြောင်း တွေ့ရှိရ။ လေ့လာချက်များအရ တိရစ္ဆာန်များသည် ငလျင်လှုပ်ခတ်မှုကို လူသားများထက် မိနစ်ပိုင်းမှနာရီပိုင်းအလိုတွင် ကြိုတင်သိရှိနိုင်ကြောင်း တွေ့ရှိရ**
- **၂၀၀၄ ခုနှစ် ဆူနာမီဘေးအတွင်း အိန္ဒိယသမုဒ္ဒရာကမ်းခြေရှိ တိရစ္ဆာန်များသည် ဘေးအန္တရာယ်မရောက်မီကုန်းမြင့်ဘက်သို့ ပြေးခဲ့ကြသည်ကို တွေ့ရှိရသည်။ ဤဖြစ်ရပ်သည် တိရစ္ဆာန်များ၏ သဘာဝဘေးကြိုတင်သိရှိနိုင်စွမ်းကို အတည်ပြုခဲ့**




**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

### (က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

### (ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

### အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဘက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက် အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။

(မတ်လ၊ ၂၀၂၅)

*စာမျက်နှာ ၁၆ မှ*

၁ ကီလိုဂရမ်လျှင် ၆၀ မီလီလီတာ လိုအပ်သည်။ စားကျက်မြက်ခင်းနှင့် သိုလှောင်ထားသော အစာများသည် မြေပြိုခြင်း သို့မဟုတ် ရေလျှံခြင်းကြောင့် စားသုံး၍မရ ဖြစ်နိုင်သဖြင့် တိရစ္ဆာန်များအတွက် အရန်အစာကို အဆင်သင့်ထားရှိပါ။ အားနည်းသော တိရစ္ဆာန်များနှင့် မွေးဖွားရန်နီးကပ်နေသော တိရစ္ဆာန်များကို ဦးစားပေးကျွေးပါ။

**လျှပ်စစ်၏ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ဆိုင်ရာ သက်ရောက်မှုများ**

ရေအရင်းအမြစ်များ ညစ်ညမ်းခြင်း – ငလျင်ကြောင့် ရေပေးဝေရေးစနစ်များ ပျက်စီးသွားပါက ရေညစ်ညမ်းမှုဖြစ်ပေါ်ကာ တိရစ္ဆာန်များ သန့်ရှင်းသော ရေကို ရရှိရန် ခက်ခဲသွားနိုင်သည်။ မြေပြိုမှုကြောင့် ရွှံ့နွံများ ရေထဲရောက်ခြင်းနှင့် မြစ်၊ ချောင်းများတွင် မြေဆီလွှာနှင့် ကျောက်စရစ်ခဲများ စီးဝင်ကာ ရေနုတ်မြောင်း ပိတ်ဆို့ခြင်း၊ ရေသတ္တဝါများ (ငါး၊ ဖား) အသက်ရှူလမ်းကြောင်းပိတ်၍ သေဆုံးခြင်း၊ စက်ရုံ/အိမ်သုံးရေဆိုးပိုက်များ ပျက်စီးခြင်းကြောင့် အန္တရာယ်ရှိဓာတုပစ္စည်းများ (ပိုးသတ်ဆေး၊ အော်ဂဲနစ်အညစ်အကြေး) ရေထဲစိမ့်ဝင်ခြင်း၊ လူနှင့် တိရစ္ဆာန်များအတွက် အသည်းအဆိပ်သင့်ခြင်း၊ ကင်ဆာဖြစ်စေနိုင်သော ဒြပ်ပေါင်းများစုပုံလာခြင်း။

မြေဆီလွှာနှင့်စားကျက်များ ပျက်စီးခြင်း – လူနှင့် တိရစ္ဆာန်အညစ်အကြေးများ မြေကြီးထဲစိမ့်ဝင်၍ ဗက်တီးရီးယား/ ဗိုင်းရပ်စ်များ ပေါက်ပွားခြင်း (ဥပမာ– အူရောင်ငန်းဖျား)၊ နွားများ မြေကြီးမှတစ်ဆင့် နို့ထဲသို့ အာဆင်းနစ်ဓာတ် စိမ့်ဝင်နိုင်ခြင်း၊ စိုက်ပျိုးမြေများ အထွက်နှုန်း ကျဆင်းခြင်း၊ မြေဆီလွှာအပေါ်ယံ ပျက်စီးခြင်းကြောင့် စားကျက်မြက်ခင်းများ ရှားပါးခြင်း။

**တိရစ္ဆာန်များ၏ ပြုမူနေထိုင်မှုနှင့် ဂရုစိုက်ရန် အချက်များ**

ငလျင်ကြောင့် တိရစ္ဆာန်များသည် အလန့်တကြားဖြစ်ကာ ထွက်ပြေးတတ်ပြီး လမ်းတစ်လျှောက်ရှိ အဆောက်အအုံများကို ပျက်စီးစေနိုင်သည်။ တိရစ္ဆာန်များကို ဒဏ်ရာ ရှိ မရှိ စစ်ဆေးပါ။ သေးငယ်သော အပေါက်ကလေး သို့မဟုတ် အနာစိမ်းကဲ့သို့ မထင်ရှားသော ဒဏ်ရာများလည်းဖြစ်နိုင်သည်။ လူများနှင့် မတူဘဲ တိရစ္ဆာန်များသည် နာကျင်မှုကို ဖုံးကွယ်တတ်သောကြောင့် သတိထားမိရန် ခက်ခဲသည်။ အကယ်၍ တိရစ္ဆာန်များတွင် အတွင်းပိုင်း သို့မဟုတ် အပြင်ပိုင်းဒဏ်ရာများရှိသည်ဟု သံသယရှိပါက ဆေးကုသပေးနိုင်သော တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ဆက်သွယ်ပါ။ အရေးပေါ်အခြေအနေတစ်ခုဖြစ်ပြီးနောက် တိရစ္ဆာန်များသည် စိတ်ဖိစီးမှုလက္ခဏာများကို ကွဲပြားစွာပြသနိုင်သည်။

**ငလျင်လှုပ်ခတ်ပြီးနောက် အရေးပေါ်ဖြေရှင်းနည်းများ**

- ပလတ်စတစ်စင် (သို့) သစ်သားဖြင့် အရေးပေါ်ခြံများပြုလုပ်ပေးခြင်း တိရစ္ဆာန်များအား အုပ်စုလိုက်ထားရှိ၍ အန္တရာယ်ကာကွယ်ခြင်း။
- အစိုးရအဖွဲ့အစည်းများ၊ INGO များနှင့်ပူးပေါင်း၍ အရေးပေါ်အစာထောက်ပံ့ခြင်း၊ ရေသန့်ဘူးများ (သို့မဟုတ်) ရေသန့်စက်များဖြန့်ဝေခြင်း (သို့မဟုတ်) ရေကို ကျိုချက်ခြင်းနှင့် ကလိုရင်းခတ်ပြီးမှ တိရစ္ဆာန်များကို တိုက်ခြင်း။
- ရေရှည်တည်တံ့သော ရေသိုလှောင်စနစ်များ (ဥပမာ– မိုးရေခံကန်များ) တည်ဆောက်ခြင်း။
- ဒဏ်ရာရသော (သို့) နာမကျန်းဖြစ်သော တိရစ္ဆာန်များအတွက် ကုသရေးအစီအစဉ်ပြင်ဆင်ထားရှိခြင်း။
- ရောဂါမပြန့်ပွားစေရန် ဇီဝလုံခြုံရေးနည်းလမ်းများ (Biosecurity) နှင့် တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊
- အိမ်မွေးတိရစ္ဆာန်များစွာသည် မိမိတို့ပိုင်ရှင်များနှင့် ကွဲကွာသွားတတ်ပြီး လမ်းဘေးတိရစ္ဆာန်များမှာ ရက်ပေါင်းများစွာ အစားအစာနှင့်ခိုလှုံရာမရှိဘဲ ကျန်ရစ်တတ်သဖြင့် ပျောက်ဆုံးနေသော အိမ်မွေးတိရစ္ဆာန်များအတွက် ရှာဖွေရေးပိုစတာများကပ်ခြင်း။
- စားကျက်များ ပြန်လည်ဖော်ဆောင်ခြင်း။ မြေပြုပြင်ပြီး မြက်မျိုးစေ့များ ပြန်လည်စိုက်ပျိုးရာတွင် ဓာတုမြေဩဇာအစား ဇီဝသဘာဝမြေဩဇာများ (ဥပမာ– နွားချေး) သုံးပါ။ ငလျင်ဖြစ်ပွားပြီး နှစ်ပတ်အတွင်း နေထိုင်ရာနှင့် အစာရေစာပြတ်လပ်မှုသည် တိရစ္ဆာန်များ၏ အသက်အန္တရာယ်ကို အများဆုံးခြိမ်းခြောက်နိုင်သော အချိန်ဖြစ်သဖြင့် ဤကာလတွင် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။
- အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် မွေးမြူရေးထုတ်လုပ်မှု ပြန်လည်ထူထောင်ခြင်း အပါအဝင် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် ပြင်ဆင်ရာတွင် တိရစ္ဆာန်များ ထားရှိရာနေရာများကို ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများဖြင့် ပြန်လည်တည်ဆောက်ရန်။
- အချိန်မီရွှေ့ပြောင်းနိုင်ရန်နှင့် အသင့်ပြင်ဆင်နိုင်ရန်အတွက် ငလျင်ကြိုတင်သတိပေးစနစ်များ အားကောင်းစေရန် လိုအပ်ခြင်း။
- တိရစ္ဆာန်များကျန်းမာရေးကို ကာကွယ်ပေးခြင်းနှင့် ဒေသခံများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားပေးခြင်းဖြင့် စားရေရိက္ခာဖူလုံရေး အာမခံချက်ရှိလာစေခြင်း။
- ထိခိုက်ဒဏ်ရာရသော ကျေးရွာများကို ပြန်လည်တည်ဆောက်ရန်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုများ ဖြစ်ထွန်းစေရန် ကြိုးပမ်းခြင်း။

တစ်ခုတည်းသောကျန်းမာရေး One Health တွင် လူသား၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့၏ ကျန်းမာရေးသည် အပြန်အလှန်ဆက်နွှယ်လျက်ရှိပေသည်။ ဤအခြေခံမှုကို အခြေခံ၍ ငလျင်ဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများကို အောက်ပါနည်းလမ်းများဖြင့် ကာကွယ်နိုင်သည် –

**ကျန်းမာရေးစနစ်များ ပေါင်းစပ်ခြင်း –** လူနှင့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုများကို တစ်ပြိုင်တည်းပေးနိုင်ရန် စီစဉ်ခြင်း၊ ရောဂါစောင့်ကြည့်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း–** ပျက်စီးသွားသော ဂေဟစနစ်များကို ပြန်လည်ထူထောင်ခြင်း၊ ရေနှင့်မြေဆီလွှာ ညစ်ညမ်းမှုများလျှော့ချခြင်း၊

**အသိုင်းအဝိုင်းအခြေပြုစနစ် ပြန်လည်ထူထောင်ရေး–** ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းနည်းများ ဖော်ဆောင်ခြင်း၊

တစ်ခုတည်းသော ကျန်းမာရေး One Health ၏ အဓိကသော့ချက်ဖြစ်သော “လူသားများ၏ ကျန်းမာရေးသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုအပေါ် တည်မှီနေသည်” ဟူသော အခြေခံမူဖြင့် ဆောင်ရွက်ခြင်းဖြင့် ငလျင်ဘေးနောက်ဆက်တွဲ ဆိုးကျိုးများကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ကိုယ်တိုင်ကိုယ်ကျလှူချင်သည်ဖြစ်စေ၊ ကျွန်တော်တို့ရဲ့အစီအစဉ်နဲ့ လှူချင်သည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါတယ်။ အားလုံးက အခက်အခဲတွေကို ရင်ဆိုင်နေရတာဖြစ်တဲ့အတွက် အားလုံးချစ်ချစ်ခင်ခင်နဲ့ နှစ်သစ်ကို ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ကိုစပ်အောင်နိုင်

**နေပြည်တော် ဧပြီ ၁၇**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျှောင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးခြင်းနှင့် ကြီးမားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ ယာယီတည်းခိုရေးစခန်းများကို တည်ဆောက်ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိသည်။

ထိုသို့ ယာယီနေရာချထားပေးမှု အခြေအနေများနှင့်စပ်လျဉ်း၍ သုခသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသည့် ယာယီတည်းခိုရေးစခန်းသို့သွားရောက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှု အခြေအနေ၊ ရေ၊ မီး၊ မိလ္လာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားမှု အခြေအနေတို့ကို မြေပြင်ကွင်းဆင်းလေ့လာကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားမှုများကို ရေးသားဖော်ပြလိုက်ပါသည် -



ဦးကြည်ဝင်း



ကိုစပ်အောင်နိုင်



ဦးဇော်မင်း



ဦးစန်းမြင့်

**ဦးကြည်ဝင်း (အုပ်ချုပ်ရေးမှူး၊ သုခသိဒ္ဓိရပ်ကွက်)**

သုခသိဒ္ဓိရပ်ကွက် ယာယီတည်းခိုရေးစခန်းမှာ တည်ဆောက်ပြီးစီးတဲ့ ယာယီမိုးကာတဲ ၂၁၀ ရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွေရဲ့ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစု အိမ်ထောင်စုပေါင်း ၁၃၅ စု ရှိပါတယ်။ လူတိုင်းမှာ ရေက အရေးအကြီးဆုံးဖြစ်တဲ့အတွက်ချိုးရေနဲ့သုံးရေကို တပ်မတော်၊ စည်ပင်သာယာရေးကော်မတီနဲ့ ဝန်ကြီးဌာနတွေက ရေဖြည့်ပေးနေပါတယ်။ သောက်သုံးရေအတွက် အလှူရှင်တွေရဲ့ သောက်ရေသန့်ဘူးတွေ လုံလောက်နေသေးတဲ့အတွက် အဲဒါတွေကို အသုံးပြုနေပါတယ်။ နောက်ပိုင်းဆိုရင်တော့ ရေသန့်စက်ကို အသုံးပြုရမှာ ဖြစ်ပါတယ်။



မိသားစုတွေလည်း များတဲ့အတွက် မိလ္လာကို ကျား၊ မ ခွဲခြားထားပြီး အလုံး ၄၀ တည်ဆောက်ထားပါတယ်။ မိလ္လာသုံးရေအတွက် ရေကန်တွေလည်း ထားရှိပါတယ်။ လက်ရှိတည်းခိုနေတဲ့သူတွေအတွက် ဆိုလာမီးအိမ်တွေ ပေးထားပါတယ်။ လုံခြုံရေးမီးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မီးတိုင်တွေ တည်ဆောက်ပေးထားပါတယ်။ ချက်ပြုတ်စားသောက်ချင်တဲ့သူတွေ ရှိတဲ့အတွက် မီးဖိုသုံးချင်ရင်တော့ မိုးကာတဲတွေနဲ့ ဝေးတဲ့နေရာတွေမှာ စီစဉ်ပေးထားပါတယ်။ ထမင်း၊ ဟင်း၊ စားစရာ အစိုအခြောက်လှူဒါန်းတဲ့သူတွေရှိရင်လည်း ရတဲ့အပေါ် မူတည်ပြီးတော့ အိမ်ထောင်စုအလိုက် သို့မဟုတ် လူဦးရေအလိုက် ညီတူညီမျှ ပြန်လည်ခွဲဝေပေးပါတယ်။

ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနကတော့ ဒီတည်းခိုရေးစခန်းမှာ အမြဲတမ်းရှိပါတယ်။ သီရိလင်္ကာနိုင်ငံက ဆေးအဖွဲ့တွေကလည်း စောင့်ရှောက်မှုပေးပါတယ်။ လုံခြုံရေးကတော့ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ ဒီစခန်းထဲမှာရှိနေတဲ့ ယောကျ်ားသားတွေရယ် အတူတကွ ဆောင်ရွက်ပေးပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ အမှိုက်ကို စည်းကမ်းတကျ စွန့်ပစ်ဖို့အတွက် "ပတ်ဝန်းကျင် သန့်ရှင်းရေး စုပေါင်းဝိုင်းဝန်းသန့်ရှင်းပေး" ဆိုတဲ့ မူနဲ့ ထားရှိပါတယ်။ ကျန်းမာရေးနဲ့ လျော်ညီစေဖို့အတွက် စည်ပင်သာယာရေးကော်မတီက အမှိုက်ပုံး ၁၅ ပုံး ထားပေးပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ အားလုံးစုစုစည်းစည်း ဖေးဖေးမမနဲ့ လိုအပ်ချက်မရှိစေဖို့အတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

**ကိုစပ်အောင်နိုင် (စေတနာ့ဝန်ထမ်း)**

ကျွန်တော်က အုပ်ချုပ်ရေးမှူးနဲ့အတူ အိမ်ထောင်စုစာရင်းဇယား၊ ကုသိုလ်ရှင်တွေရဲ့ လှူဒါန်းမှုစာရင်းနဲ့ နေရာချထားမှုတွေကို ဆောင်ရွက်ပေးပါတယ်။ ကုသိုလ်ရှင်တွေ လာရောက်လှူဒါန်းတဲ့အခါမှာ အိမ်ထောင်စုအလိုက် သို့မဟုတ် တစ်ဦးချင်းအလိုက် လှူဒါန်းလိုမှုတွေကို မေးမြန်းပါတယ်။ ကိုယ်တိုင်ကိုယ်ကျ လှူချင်သည်ဖြစ်စေ၊ ကျွန်တော်တို့ရဲ့ အစီအစဉ်နဲ့ လှူချင်သည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါတယ်။ အိမ်ထောင်စုအလိုက် လှူဒါန်းချင်တယ်ဆိုရင် ဒီယာယီတည်းခိုရေးစခန်းမှာ တိုက်အလိုက် ပြောင်းရွှေ့တာရှိတဲ့အတွက် တိုက်မှူးတွေကို လွှဲပြောင်းပေးအပ်ပါတယ်။ အားလုံးက အခက်အခဲတွေကို ရင်ဆိုင်နေရတာဖြစ်တဲ့အတွက် အားလုံးချစ်ချစ်ခင်ခင်နဲ့ နှစ်သစ်ကို ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးဇော်မင်း (နေပြည်တော် စည်ပင်သာယာရေးကော်မတီ)**

ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီအနေနဲ့ သောက်ရေသန့်စက်တွေ တပ်ဆင်ပေးရပါတယ်။ ချိုးရေ၊ သုံးရေအတွက် တည်းခိုရေးစခန်းတွေအပြင် ထိခိုက်မှုမရှိတဲ့ တိုက်တွေမှာနေတဲ့သူတွေအတွက်လည်း ရေလိုက်လံဖြည့်ပေးပါတယ်။ တာဝန်ပေးထားတဲ့ နေရာတွေအတွက် တစ်နေ့ကို သုံးကြိမ်အနည်းဆုံး အချိန်မှန် ဆောင်ရွက်ပေးပါတယ်။ တခြားလိုအပ်တဲ့နေရာတွေက ဆက်သွယ်လာရင်လည်း ဝန်ဆောင်မှု ပေးပါတယ်။ ကျွန်တော်တို့လည်း အခက်အခဲရှိပေမယ့် အမှန်တကယ် လိုအပ်နေတဲ့သူတွေကို ကူညီပေးရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။

**ဦးစန်းမြင့် (ဝန်ထမ်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ မိသားစု ဒီယာယီတည်းခိုရေးစခန်းမှာ နေထိုင်ရတာ အဆင်ပြေပါတယ်။ အားလုံးအခက်အခဲတွေ ဖြတ်ကျော်ရတဲ့အချိန်မှာ အစစအရာရာ စီစဉ်ပေးထားတော့ ပူပန်မှုတွေ လျော့ကျစေပါတယ်။ စားသောက်ရေးအတွက် ဆိုရင်လည်း လှူဒါန်းသူကုသိုလ်ရှင်တွေ ပေါများတဲ့အတွက် ဆာလောင်မှုတွေကို ဖြေရှင်းနိုင်ပါတယ်။ သုံးရေ၊ ချိုးရေတွေကို လုံလုံလောက်လောက် ထားရှိပေးတဲ့ အပြင် ရေသန့်ရှင်းဖို့အတွက်ပါ ကျန်းမာရေးမှူးတွေက ဆောင်ရွက်ပေးပါတယ်။ မိလ္လာဆိုရင်လည်း ကျား၊ မ ခွဲခြားပေးပြီး ရေကန်ပါ သီးသန့်ထားပေးတဲ့အတွက် ကျန်းမာရေးအရရော စိတ်လုံခြုံမှုရောပါ ရရှိစေပါတယ်။ မိုဘိုင်းဖုန်းအားသွင်းဖို့အတွက် လျှပ်စစ်မီးမရခင်က ဆိုလာမီး စီစဉ်ပေးပါတယ်။ လုံခြုံရေးမီးတိုင်တွေနဲ့ မိုးကာတဲအတွင်းမှာပါ မီးအိမ်လေးတွေ ထားပေးပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကလည်း ဒီတည်းခိုရေးစခန်းမှာ အမြဲတမ်းရှိပါတယ်။ လှည့်ကင်းရဲတွေလည်း လုံခြုံရေးပေးတဲ့အပြင် ဒီတည်းခိုရေးစခန်းက ယောကျ်ားသားတွေကလည်း သတိဝီရိယတွေထားကြတော့ အားလုံးလုံခြုံစိတ်အေးချမ်းစွာနဲ့ နေထိုင်ကြပါတယ်။ အုပ်ချုပ်ရေးမှူးကလည်း အစစအရာရာ ဖြည့်ဆည်းပေးပြီး ကျွန်တော်တို့တွေကလည်း စည်းကမ်းတကျလေး နေထိုင်တဲ့အတွက် အားလုံးအဆင်ပြေ ချောချောမွေ့မွေ့ဖြစ်ပါတယ်။

**အေးအေးသန့်**

**ဓာတ်ပုံ - ကိုအေးသန်း**

## ရွှေတောင်မြို့နယ်၌ မြို့နယ်လုံးကျွတ် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့အား လောင်းလှူ

**ရွှေတောင် ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့နယ်၌ ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ် လုံးကျွတ် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့အား လောင်းလှူပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဆွမ်းဆန်တော်နှင့် ဒါတဗ္ဗဝတ္ထုအစုစုလောင်းလှူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက ဆွမ်းဆန်တော် သုံးအိတ် (တန်ဖိုးငွေကျပ် ၂၄၀၀၀၀)၊ သီလရှင်တစ်ပါးလျှင် ငွေကျပ်၂၀၀၀ နှုန်းဖြင့် သီလရှင် ၂၈၃ ပါးအတွက် ဝတ္ထုအလှူငွေ ၅၆၆၀၀၀၊ ဘုရားပွဲအလှူတော်ငွေ ၅၀၀၀ စုစုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် အလှူတော်ငွေကျပ် ၈၁၁၀၀၀ လှူဒါန်းခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်( ၃) ရပ်ကွက်ရှိ ဒေသခံစေတနာရှင်ပြည်သူများကလည်း မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လောင်းလှူခဲ့ကြသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ်ကြာနီကန်ရပ်ကွက်၊ ကူကြီးဘုရားဓမ္မာရုံတွင် ရွှေတောင်မြို့နယ်အတွင်းရှိ သီလရှင် ဆရာကြီး၊ ဆရာလေး ၂၈၃ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



# အသက် ၉၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့



**ရန်ကုန် မေ ြ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အသက် ၉၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၁၀ နာရီက ဆုတောင်းပြည့်မယ်လမုစေတီမြတ်ကြီးအတွင်းရှိ သုံးထပ်ဆောင်၌ ကျင်းပသည်။(ယာပုံ)

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ အသက် ၉၅ နှစ်အထက် သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ် ဘုရားကန်တော့ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လောဟာက အသက် ၉၅ နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အပူဇော်ခံ သက်ကြီး အသက် ၉၅ နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှင့် ဆေးဝါး ၁၀ မျိုးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ကျော်စိန်(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့

**ရန်ကင်း မေ ြ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ် (၁၁) ရပ်ကွက် ဆည်မြောင်းလမ်းရှိ ကြာဖူးကန်စေတီရေကန်၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ငါးမြစ်ချင်းသားပေါက် စုစုပေါင်း ကောင်ရေ ၅၀၀၀ ကို ကြာဖူးကန်စေတီ ရေကန်အတွင်းသို့ လွှတ်ပေးခဲ့သည်။(ယာပုံ)




ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ရန်ကင်းမြို့ပေါ်ရပ်ကွက်များအတွင်းရှိ အသက် ၉၅ နှစ် နှင့်အထက် အဘိုးအဘွား ၂၆ ဦးအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် သုံးသောင်း၊ ကန်တော့ခံပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၂၀၀၀ ကို ပူဇော်ကန်တော့လှူဒါန်း ပေးအပ်ခဲ့ရာ ကန်တော့ခံအဘိုးအဘွားများက နှစ်သစ်ကူးမင်္ဂလာ ဆုတောင်းစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# ပန်းတနော်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကျင်းပ

**ပန်းတနော် မေ ြ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြန်မာ နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပန်းတနော်မြစ်၌ ပြုလုပ်သည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်းထွဋ်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ ၂၅၀ ခန့်က ပန်းတနော်မြစ်အတွင်းသို့ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၂၅၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ဇီဝိတဒါန ငါးလွှတ်ကုသိုလ်စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **မြို့နယ်(ပြန်/ဆက်)**




# ပန်းတောင်းမြို့နယ်၌ နှစ်ဦးမင်္ဂလာ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ပန်းတောင်း မေ ြ ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဝန်လိုရပ်ကွက် သမိုင်းဝင်ပေါ်တော်မူ(ရှင်ဖြူ)မြတ်စွာဘုရားကြီးပရိဝုဏ် သီရိမင်္ဂလာကန်တော်အတွင်း တည်ထားကိုးကွယ်တော်မူသော နဂါးရုံဘုရားတွင် ယနေ့နံနက် ၈ နာရီက ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပသည်။



အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်ဇနီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမင်းသိန်း၊ အဖွဲ့ဝင် ဗိုလ်မှူးဖြိုးသူစိုးနှင့်ဇနီး၊ အဖွဲ့ဝင် ဦးအေးကြိုင်၊ အဖွဲ့ဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့်ဇနီး၊ မြို့နယ်ပညာရေးမှူးဦးတင်နိုင်ဦး၊ ပန်းတောင်းမြို့မစခန်းမှူး ဒုတိယရဲမှူး မျိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပေါ်တော်မူရှင်ဖြူဂေါပကအဖွဲ့ဝင်များ၊ မြို့ပေါ်ငါးရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ငါး ကောင်ရေ ၁၂၅၀ ကို နှစ်ဦးမင်္ဂလာ ဇီဝိတဒါနပြု လွှတ်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

လပြည့်လင်း (ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ြ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ငါးမိုးရိပ်ရေထိန်းတံခါး၌ ယနေ့နံနက်က ပြုလုပ်သည်။

ထိုသို့ ငါးလွှတ်ပွဲကျင်းပရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ငါးမိုးရိပ်ရေထိန်းတံခါး ငါးမိုးရိပ်ချောင်းအတွင်းသို့ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၁၀၈၀၀ ကို ဇီဝိတဒါနပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။

ဖွဲ့မင်းထက်(ပြန်/ဆက်)



# လှည်းကူးမြို့နယ်၌ မြန်မာ့နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**လှည်းကူး မေ ြ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာအုပ်စု ငမိုးရိပ်ဆည်တွင် နှစ်သစ်ကူး ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။(ယာပုံ)

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ငါးသားပေါက်ကောင်ရေ ၉၀၀၀ ကို ငမိုးရိပ်ဆည်အတွင်း ဘေးမဲ့လွှတ်ပေးခဲ့သည်။ ထို့နောက် ခရိုင်အဆင့်ဌာနဆိုင်ရာများက နှစ်သစ်ကူးဆုမွန်ကောင်းတောင်း ခြင်းများဖြင့် ကုသိုလ်ကောင်းမှုပြုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကသာမြို့ အကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကသာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် နိုင်ငံတစ်ဝန်း ပြစ်ဒဏ်ကျနေသူများအား နိုင်ငံတော်က လွတ်ငြိမ်းသက်သာခွင့်များ ခွင့်ပြုပေးလျက်ရှိရာ ကသာမြို့အကျဉ်းထောင်၌ ပြစ်ဒဏ် ကျခံနေရသူများအနက် အကျဉ်းသား စုစုပေါင်း ၁၀ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား ကျင့် ၄၀၁(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါအကျဉ်းထောင်ရှိ ရောရန်အောင် ဧည့်ရိပ်သာခန်းမ၌ ကျင်းပရာ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် နည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဝင်းတို့က ဆုံးမသြဝါဒစကားများ ပြောကြားပြီး ကသာအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က လွတ်ငြိမ်းသက်သာခွင့် ရရှိကြသူများအား လွတ်ငြိမ်းသက်သာခွင့် ကတ်ပြားနှင့် ခရီးစရိတ်ထောက်ပံ့ငွေများ ပေးအပ်သည်။

ကသာအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀ ဦးဖြစ်ကြောင်း သိရသည်။ **ရဲလင်းထွန်း(ကသာ)**



## ဟင်္သာတအကျဉ်းထောင်၌ မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် အကျဉ်းသား အကျဉ်းသူ ၁၁၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ဟင်္သာတ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် အကျဉ်းသား ၉၃ ဦး၊ အကျဉ်းသူ ၁၇ ဦး စုစုပေါင်း ၁၁၀ တို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။



အဆိုပါ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဟင်္သာတအကျဉ်းထောင် အစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့ပြီး လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကျဉ်းဦးစီးဌာန၊ ဟင်္သာတအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဦးသန်းဇော်ဝင်းတို့က ဆုံးမသြဝါဒစကားပြောကြားပြီး လွတ်မြောက်သွားသူ အကျဉ်းသား အကျဉ်းသူ ၁၁၀ တို့အား လိုအပ်သောကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**တောင်ငူ မေ ၁၇**

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တောင်ငူအကျဉ်းထောင်နှင့် လေးမိုင် ကုန်ထုတ်စခန်းမှ အကျဉ်းသား အကျဉ်းသူ ၆၇ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည်။



ထိုသို့ လွတ်ငြိမ်းခွင့်ပြုရာတွင် တောင်ငူအကျဉ်းထောင်ဧည့်ရိပ်သာ၌ တောင်ငူအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်စိုး၊ တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစောကျော်မင်းဦးနှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား ၅၅ ဦး၊ အကျဉ်းသူ ၁၂ ဦး စုစုပေါင်း ၆၇ ဦးတို့အား နောင်တွင် ပြစ်မှုများ ထပ်မံကျူးလွန်ခြင်း မရှိဘဲ အေးချမ်းစွာ နေထိုင်ရန် ဆုံးမသြဝါဒစကား ပြောကြားပြီး ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## မြန်မာနှစ်သစ်အခါသမယတွင် မအူပင်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံသူ ၇၇ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မအူပင် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသူ ၇၇ ဦးအား မြန်မာနှစ်သစ်အခါသမယအထိမ်းအမှတ်ဖြစ် လည်းကောင်း၊ နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာသောအားဖြင့်လည်းကောင်း မအူပင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံသူ ၇၇ ဦးအား မေ ၁၇ ရက် နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလုပ်ပေးခဲ့ရာ မိသားစုများက ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၃၂ ဦး လွှတ်ပေး

**မြိတ် မေ ၁၇**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၃၂ ဦးအား ယနေ့ နံနက်ပိုင်းက လွှတ်ပေးခဲ့သည်။

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၄ ဦး၊ အကျဉ်းသူ သုံးဦးအား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ပြီး ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၅ ဦးကိုလည်း တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင် ခံစားခွင့်များပေးပြီး လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည် မေ ၁၇**

မြန်မာနှစ်ဆန်း (၁) ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်အကျဉ်းထောင်မှ အကျဉ်းသား ၆၈ ဦး၊ အကျဉ်းသူ ၁၂ ဦး စုစုပေါင်း ၈၀ အား ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ နိုင်ငံတော်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ပြုရာတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်အကျဉ်းထောင်မှူးနှင့် တာဝန်ရှိသူများက အဆိုပါလွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများကို ဆုံးမသြဝါဒစကားများပြောကြားပြီး ၎င်းတို့နေရပ်ထံ ပြန်လည်ရောက်ရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လွတ်ငြိမ်းခွင့်ရရှိသူများ၏ မိသားစုဝင်ဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုကြကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



## မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၁၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**မြောင်းမြ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၁၅၄ ဦး၊ အကျဉ်းသူ ၅၇ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၂၁၁ ဦးတို့အား လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မြောင်းမြအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသည့် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူ ၂၁၁ ဦးအား မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးကြီး သောင်းထိုက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး အုန်းသိန်းနှင့် တာဝန်ခံအရာရှိ ဦးစောဇော်မြင့်ဆွေတို့က ဆုံးမသြဝါဒစကားပြောကြားပြီး ၎င်းတို့၏ ခရီးစရိတ်ငွေကျပ် ၁၄၄၉၉၁၀၊ စားစရိတ် ငွေကျပ် ၂၂၇၀၀၀ နှင့် လုပ်အားခငွေကျပ် ၁၀၃၃၅၀၀ တို့အား ပေးအပ်၍ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ



**မော်လမြိုင် ဧပြီ ၁၇**

မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်းဆိပ်ကမ်းသာ တံတား၌ ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲတွင် သထုံငါးလုပ်ငန်းစခန်းမှ မွေးမြူသော နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ အား ဇီဝိတဒါနအဖြစ် သံလွင်မြစ်အတွင်းသို့ စုပေါင်း၍ ကုသိုလ်ယူလွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဂါရဝပြုစကား ပြောကြားသည်။

ထို့နောက် ဘိုးဘွားများအား ဩကာသ ကန်တော့ချီးဖြင့် ကန်တော့ကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့်ဇနီးများ၊ စေတနာရှင် အလှူရှင်များက ဘိုးဘွား တစ်ဦးချင်းစီအတွက် အလှူငွေနှင့် ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများအား မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးနေမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ယနေ့ အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့မှ ကန်တော့ခံဘိုးဘွား ၁၀၀ အတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၀၀၊ စေတနာရှင်၊ အလှူရှင်များမှ ဘိုးဘွား ၁၀၀ အတွက် လှူဒါန်း ငွေကျပ်သိန်း ၁၃၂၃၀၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၂၃၂၃၀၀၀၀ တို့ကို လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီး၌ မွန်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး ကျင်းပသော မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၄၁ကျောင်းသို့ ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ ဆက်ကပ်လှူဒါန်းပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ **ခင်စန်းမြင့်(မြန်/ဆက်)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ နှစ်သစ်ကူးစတုဒိသာလှူဒါန်း

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ်၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ မြန်မာ့နှစ်သစ်ကူး အခါသမယတွင် မြန်မာလူမျိုးတို့၏ ဓလေ့လထုံးတမ်းများနှင့်အညီ နှစ်သစ်ကူးစတုဒိသာအလှူတော်များကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပလေ့ရှိရာ သုဓမ္မဓဇဗိဇောတဓရ ဦးဖွဲ့ရန်နိုင်မိသားစုက လှူဒါန်းသည့် စတုဒိသာအလှူတော်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တပင်ရွှေထီးလမ်း၌ နှစ်သစ်ကူးစတုဒိသာ အလှူတော်ကိုပြုလုပ်ခဲ့ကြပြီး ဦးဖွဲ့ရန်နိုင်မိသားစုသည် နှစ်စဉ်အခါကြီးရက်ကြီးများတွင် အလှူတော်ပွဲများကို ကျင်းပလှူဒါန်းလျက်ရှိရာ ယနေ့စတုဒိသာ အလှူတော်တွင် အများပြည်သူတစ်ထောင်ကျော်အတွက် မုန့်ဟင်းခါး စတုဒိသာလှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(မြန်/ဆက်)**

# ဗဟန်းမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့်ငှက်လွှတ်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲနှင့်ငှက်လွှတ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးမင်္ဂလာကန်တော်၌ ပြုလုပ်သည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲသို့ ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဧည့်သည်တော်များ တက်ရောက်ကြပြီး ဇီဝိတဒါနငါးလွှတ်ပေးခဲ့ကြသည်။

ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲတွင် ငါးမြစ်ချင်းအကောင်ရေ ၅၀၀၀ နှင့် စာကလေးငှက်အကောင်ရေ ၁၈၀ တို့ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(မြန်/ဆက်)**




# မြန်မာနှစ်ဆန်းတစ်ရက်နေ့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**တောင်ငူ ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကန်တော်ကြီးရေပြင်၌ ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်၊ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



ထိုသို့ ကျင်းပရာတွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့်ဇနီး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၊ ငါးခုံးမအကြီး သားပေါက်ကောင်ရေ ၇၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ကန်တော်ကြီးရေပြင်သို့ ဇီဝိတဒါန လွှတ်ပေးပြီး ငါးများအား အာဟာရဒါန ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မိသားစုများ သင်္ကြန်ကာလတွင် စတုဒိသာကျွေးမွေး

**ရန်ကုန် ဧပြီ ၁၇**

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကုသိုလ်ဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဒေသနာတော်များ ရရှိစေရန် မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်လျက်ရှိသည့် တရားရိပ်သာတရားစခန်းများ၌ တရားထိုင်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး (ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်မြတ်ကြီးသို့လာရောက်ဖူးမြော်ကြသူများကို စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။

ယင်းသို့ လှူဒါန်းမှုများကို ရွှေတိဂုံစေတီတော် အနောက်ဘက် မုခ်ယာဉ်ရပ်နားကွင်းတွင် လှူဒါန်းကြရာ နေ့စဉ်ဘုရားဖူးပြည်သူ လေးထောင်ကျော်အတွက် မုန့်လက်ဆောင်၊ ရွှေရင်အေး၊ သီးစုံဒံပေါက်တို့ကို လှူဒါန်းခဲ့သည်။

**အောင်ကျော်(မြန်/ဆက်)**



# မြောက်ဥက္ကလာပမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲပြုလုပ်

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာနှစ်ဆန်း တစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲကို ယနေ့ နံနက်က ဥက္ကလာသီရိကန်တော်၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး ကျင်းပသော မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လောဟာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ဇီဝိတဒါန ငါးလွှတ်ကာ ငှက်များလည်း ဘေးမဲ့လွှတ်ခဲ့ကာ မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါန ငါးလွှတ်ရာတွင် ငါးခူအကောင်ရေ နှစ်ထောင်နှင့် ငှက်အကောင်ရေ တစ်ထောင်ကိုဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(မြန်/ဆက်)**



# ကြိုတင်ခန့်မှန်း၍ မရနိုင်သော ငလျင်

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်အား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် မြန်မာနိုင်ငံတွင် တပ်ဆင်ထားရှိသော ငလျင်စခန်းများမှ အချက်အလက်များအား နော်ဝေ နိုင်ငံ၊ Bergen University မှ ရေးဆွဲထားသည့် SeisAn Software အား အသုံးပြု၍ ငလျင်ဗဟိုချက်အား တွက်ချက်ပြီး မန္တလေးမြို့ငလျင်ကြီးအား သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။



```
Command Prompt - eev 20250328 NEDC
stn   dist   azm  ain w phas    calcphs hrmn tsec  t-obs  t-cal    res   wt di
MDY1    21 348.9 90.4 0 S       SG        620 55.5   6.35   6.22   0.13 1.00 26 MM
MDY1    21 348.9 90.4 0 P       PG        620 53.3   4.13   3.63   0.50 1.00 11 MM
NGU    167 234.5 90.0 0 P       PG        621 18.2  28.98  29.39  -0.41 1.00  8 MM
NGU    167 234.5 90.0 0 S       SG        621 38.3  49.08  50.29  -1.21 1.00 27 MM
TGI    168 150.0 90.5 0 S       SG        621 40.7  51.48  50.70   0.78 1.00 14 MM
TGI    168 150.0 90.5 0 P       PG        621 16.9  27.72  29.63  -1.91 1.00  4 MM
NPW    256 182.1 44.7 0 P       PN4       621 29.7  40.49  42.06  -1.57 1.00  1 MM
TGO    351 176.3 44.7 0 P       PN4       621 44.3  55.16  53.83   1.33 1.00  1 MM
KTN    359 103.7 44.7 0 P       PN4       621 42.1  52.93  54.97  -2.04 1.00  7 MM
BGO    509 176.3 44.7 0 P       PN4       622  5.2  76.02  73.46   2.56 1.00  1 MM
YGN    578 180.8 44.7 0 P       PN4       622 15.3  86.09  81.98   4.11 1.00  1 MM
DWI    909 166.3 43.9 0 P       PN5       622 49.3 120.08 122.34  -2.26 1.00  1 MM

MEK  HZ   hdist:   1096.0   amp:    731000.0 T:   1.1   ml =   9.2
NGU  HZ   hdist:    167.0   amp:    956000.0 T:   1.6   ml =   6.7
TGO  HZ   hdist:    351.0   amp:   1190000.0 T:   1.0   ml =   7.5
DWI  HZ   hdist:    909.0   amp:    785000.0 T:   1.3   ml =   8.8
YGN  HZ   hdist:    578.0   amp:    838000.0 T:   2.2   ml =   8.0
KTN  HZ   hdist:    359.0   amp:    869000.0 T:   1.2   ml =   7.4
TGI  HZ   hdist:    168.0   amp:    930000.0 T:   0.5   ml =   6.7
2025  328 0620 49.2 L  22.087  96.226  0.0  UIB  9 1.9 7.7LUIB
```



၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဗဟိုချက်အား မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် နော်ဝေနိုင်ငံမှ ရေးသားထားသော SeisAn Software ဖြင့် တွက်ချက်ထားပုံ





မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသော မန္တလေးငလျင်ဗဟိုချက်ပြပုံ

အဆိုပါငလျင်ကြီးသည် အင်အားပြင်းထန်ပြီး ဗဟိုချက်အနက် တိမ်သောကြောင့် နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနေခြင်းဖြစ်ပါသည်။ အင်အားပြင်းထန်သော ငလျင်ကြီး လှုပ်ရှားမှုကြောင့် ရွေ့လျားသွား ခဲ့သော မြေသားများသည် ပုံမှန်အနေအထားသို့ ရောက်ရှိရန် ပြုလုပ်ကြရသဖြင့် နောက်ဆက်တွဲ ငလျင်များ လှုပ်ရှားနိုင်ပါသည်။

ငလျင်သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် လှုပ်ရှားမည်ကို ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ တိတိကျကျ ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်ပါသည်။ တစ်ခါတစ်ရံ လူမှုကွန်ရက်များတွင် မည်သည့်အချိန်တွင် အင်အားမည်မျှဖြင့် ငလျင်လှုပ်ရှားမည်ဆိုသည့် သတင်းမျိုးနှင့် အချိန် ၄၈ နာရီအတွင်း၊ အချိန် ၇၂ နာရီအတွင်း ငလျင်လှုပ်ရှားနိုင်သည်ဆိုသည့် သတင်းမျိုးများ တွေ့ရှိပါက မယုံကြည်သင့်ပါကြောင်း၊ ငလျင်နှင့်ပတ်သက်၍ မည်သည့်နိုင်ငံ၊ မည်သည့်ငလျင်ပညာရှင်မှ ကြိုတင် မခန့်မှန်းနိုင်ပါကြောင်းနှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ ငလျင်နှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက သက်ဆိုင်ရာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၃၄၁၁၂၆၉ နှင့် ၀၆၇-၃၄၁၁၂၅၃ တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်း နိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## ကန့်ဘလူမြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ပြုလုပ်

နေပြည်တော် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ပေါ်ရှိ ရပ်ကွက် ၅ ရပ်ကွက်မှ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ အား ပူဇော်ကန်တော့ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူ မြို့ မဟာရွှေစည်ဘုရား ဓမ္မာရုံ တော်၌ ပြုလုပ်ရာ အနောက် မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် သက်ကြီး ဘိုးဘွားများ တက်ရောက်ကြ သည်။

ဦးစွာ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၃၄ ဦးတို့အား ဂါရဝပြုကန်တော့ကြပြီး ဆေးဝါး၊ အာဟာရမှုန့်၊ ဖြည့်စွက်အစား အစာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပူဇော်ကန်တော့ပွဲသို့မတက်ရောက် နိုင်သည့် အဘိုးအဘွား ၈၉ ဦးတို့ ကို တာဝန်ရှိသူများက အိမ်တိုင် ရာရောက် သွားရောက်ကန်တော့ ၍ ၉၁ သိန်းကျော်တန်ဖိုးရှိ ဆေးဝါး၊ အာဟာရမှုန့်၊ ဖြည့်စွက် အစားအစာများနှင့် အလှူငွေများ လှူဒါန်းကြရာ ဘိုးဘွားများက ဝမ်းမြောက် ဝမ်းသာစွာဖြင့် နှစ်သစ်ကောင်းချီးမင်္ဂလာ ပြည့်စုံ စေရန် ဆုပေးစကားများ ချီးမြှောက်ခဲ့ကြောင်း သတင်း ရရှိသည်။



သတင်းစဉ်

## ပုသိမ်အကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ ၁၄၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပုသိမ် ဧပြီ ၁၇

အကျဉ်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပုသိမ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် အကျဉ်းသား ၁၁၄ ဦး၊ အကျဉ်းသူ ၃၄ ဦး စုစုပေါင်း ၁၄၈ ဦးတို့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။



အဆိုပါ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အကျဉ်းထောင် ဟောပြောခန်းမ၌ ပြုလုပ်ခဲ့ပြီး လွတ်မြောက်သွားသူ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလင်းဗိုလ်နောင်၊ ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲရန်အောင်၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွဋ်ကျော်၊ ပုသိမ်ခရိုင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းညွန့်၊ ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယလဝကမှူး ဦးကျော်ဇေယျနှင့် ပုသိမ်အကျဉ်းထောင် တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းတို့က တက်ရောက်၍ လွတ်မြောက်သွားသူ အကျဉ်းသား အကျဉ်းသူ ၁၄၈ ဦးတို့အား ဦးစီးရန်ပုံငွေမှ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင် ခံစားခွင့် ငွေ စုစုပေါင်း ငွေကျပ် ၁၀၅၄၅၇၀ တို့ကို ထုတ်ပေးခဲ့ပြီး အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ငံခြားသားကစားသမားများ ခေါ်ယူ

ရန်ကုန် ဧပြီ ၁၇

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦး ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၆ ရက်က တရားဝင်သတင်းထုတ်ပြန်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လိဂ်ပြိုင်ပွဲမတိုင်မီကျင်းပမည့် MNL League Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံခြားသားကစားသမား သုံးဦး ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန် ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီ MNL League Cup ပြိုင်ပွဲ တွင် နိုင်ငံခြားသားကစားသမားများ အသုံးပြုခဲ့သော်လည်း လိဂ်ပြိုင်ပွဲ တွင်မူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန် ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ကင်မရွန်းနောက်ခံလူ အိုင်းဒရစ်၊ ကင်မရွန်းတိုက်စစ်မှူး မိုဂူနှင့် တန်ဇန်နီးယားတောင်ပံ တိုက်စစ်ကစားသမား ယူဆပ်ရှာဘာနီတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားသုံးဦးအနက် တိုက်စစ်မှူး မိုဂူတစ်ဦးတည်းသာ MNL တွင် ကစားဖူးသူဖြစ်ပြီး ပြီးခဲ့သည့်ရာသီက Dagon Port အသင်းတွင် ကစားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးမတိုင်မီက ဒဂုံစတားယူနိုက်တက်အသင်းမှ မြန်မာ့လက်ရွေးစင် ဂိုးသမား ဇင်ညီညီအောင်၊ Dagon Port အသင်း ကွင်းလယ်ကစားသမား မျိုးဆက်ပိုင်တို့ကို ခေါ်ယူထားပြီး ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-YUFC





ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ပေါ် ကျောင်းတိုက်များသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဧပြီ ၁၇

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ငါးဆူကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မြတောင်ကျောင်းတိုက်များသို့သွားရောက်၍ ကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် အဆိုပါကျောင်းတိုက်များရှိ ငလျင်ဒဏ် ကြောင့်ပျက်စီးခဲ့သည့်နေရာများအား အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ငါးစို့ကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာချမ်းမြေ့အောင် ကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အဆိုပါ ကျောင်းတိုက်များရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများကို အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံး/ဌာနများနှင့် တိုင်းစစ်ဌာနချုပ်များ၌ ဇီဝိတဒါန ငါး၊ ငှက်လွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်သော ယနေ့တွင် နှစ်ဦးပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇီဝိတဒါနငါး၊ ငှက်လွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံး/ဌာနများ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ ပြုလုပ်ကြသည်။




ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ ရုံး/ဌာနများမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီး၌ နှစ်ဦးပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အလားတူ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီးရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာများ၌ သံဃာတော်များက ရွတ်ပွားပူဇော်ချီးမြှင့်တော်မူကြရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သီလခံယူဆောက်တည်၍ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဇီဝိတဒါန စုပေါင်းငါး၊ ငှက်လွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အလှူငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့ စစ်ကိုင်းနှင့် မန္တလေးတွင် ငလျင်ဘေးသင့်ပြည်သူများအား အကူအညီပေးနေမှုများ အားပေးကြည့်ရှု

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou တို့သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာတင်မောင်လှိုင်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Nadia KHOURY၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် ညွှန်ကြားရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ငလျင်ဘေးသင့် ပြည်သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကူညီဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် မင်းလမ်းရပ်ကွက်၌ ငလျင်ဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အစားအစာမဟုတ်သောပစ္စည်းများထောက်ပံ့ပေးဝေနေမှုများ၊ ရိုင်တန်း RC church တွင် အခမဲ့ ရွေ့လျားဆေးကုခန်းဖွင့်လှစ်၍ ငလျင်ဘေးသင့်ပြည်သူများအား ပဏာမကျန်းမာရေး စောင့်ရှောက်မှု ပေးနေမှုများ၊ ရွှေဟသာ်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ကလေးပျော်စင်တာနှင့် ကမ်းနားလမ်းတွင် သောက်သုံးရေ ပေးဝေနေမှုများကို ကြည့်ရှုခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။ ယင်းနောက် အသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်သို့ရောက်ရှိပြီး အိုးတော်ရပ်ကွက် ရွှေညောင်ပင် ကျောင်းတိုက် ယာယီ ငလျင်ရှောင်စခန်းတွင် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးဝေခဲ့သည်။

ထို့နောက် ဦးပိန်တံတား အနောက်ဘက်တွင် သောက်သုံးရေဖြန့်ဝေနေမှုများ၊ အ.မ.က(၁၆) နှင့်မဟာအောင်မြေဘောလုံးကွင်း ယာယီငလျင်ဘေးရှောင် စခန်းများတွင် ကူညီဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့သည်။

ယင်းနောက် ငလျင်အန္တရာယ် တုံ့ပြန် ဆောင်ရွက်ရေးအတွက် အားဖြည့်ကူညီရန် ရောက်ရှိနေသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်မှ ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့် ရင်းနှီးစွာတွေ့ဆုံခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၁၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# အမေရိကန်နှင့် ဂျပန်ကုန်သွယ်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

## အခွန်စည်းကြပ်မှုများကို ပြန်လည်သုံးသပ်ရန် အမေရိကန်ကို ဂျပန်တိုက်တွန်း

**ဝါရှင်တန် ဧပြီ ၁၇**

ဂျပန်နိုင်ငံ၏ စီးပွားရေး ပြန်လည်အားကောင်းလာစေရေးဝန်ကြီး အကာဇဝရိုင်ယိုဆေးသည် အမေရိကန်ဝန်ကြီးအဆင့်ရှိသူများနှင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ ဧပြီ ၁၆ ရက်တွင် ပထမအကြိမ် ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့သည်။

ဂျပန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သော အကာဇဝသည် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့တ်ဘတ်ဆန့်နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျမေးဆန်ဂရီယာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးအဆင့် ဆွေးနွေးပွဲမတိုင်မီ အကာဇဝသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် အိမ်ဖြူတော်တွင် တွေ့ဆုံခဲ့သည်။

အမေရိကန်အရာရှိများနှင့် ဂျပန်စီးပွားရေးပြန်လည် အားကောင်းလာစေရေးဝန်ကြီးတို့၏ တွေ့ဆုံမှုသည် အပြုသဘောဆောင်သည်ဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူး ကာရိုလိုင်းလီယာဗစ်က ပြောကြားခဲ့သည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အမေရိကန် ထိပ်တန်းအစိုးရအရာရှိများနှင့် တွေ့ဆုံစဉ် အမေရိကန်၏ အခွန်စည်းကြပ်မှု အစီအမံများကို ပြန်လည်သုံးသပ်ဆွေးနွေးရန် အကာဇဝက တိုက်တွန်းပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘား ရှီဂီရု၏ သတင်းစကားကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ ပေးပို့ခဲ့ပြီး ဂျပန်နှင့် အမေရိကန်နှစ်နိုင်ငံစီးပွားရေး အားကောင်းစေမည့် ပြီးပြည့်စုံသည့် သဘောတူညီချက်တစ်ခု အမြန်ဆုံးအကောင်အထည်ဖော်ရန်လည်း မစ္စတာအကာဇဝက တိုက်တွန်းပြောကြားခဲ့သည်။

မစ္စတာ အကာဇဝက အမေရိကန်ပြည်ထောင်စု၏ အခွန်စည်းကြပ်မှုများသည် အမေရိကန်နိုင်ငံအတွင်း ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် မော်တော်ကား၊ စတီးနှင့် အလူမီနီယံများအပေါ် သက်ရောက်မှုရှိသည့်အတွက် ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် တောင်းဆိုလိုက်ပြီး အပြန်အလှန်စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းသည် အလွန်ဝမ်းနည်းဖွယ်ရာကောင်းကြောင်း ပြောကြားခဲ့သည်။

နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများအပြီး အမေရိကန်နှင့် ဂျပန်ခေါင်းဆောင်များကြား သဘောတူညီချက်တစ်ခု ဖြစ်နိုင်သမျှအမြန်ဆုံးရရှိရန်ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာပြီး အပြုသဘောဆောင်သည့်ဆွေးနွေးပွဲများပြုလုပ်ရန် သဘောတူခဲ့ကြောင်း အကာဇဝက သတင်းထောက်များအား ပြောကြားခဲ့သည်။

ဧပြီလမကုန်ခင် ဒုတိယအကြိမ် ဆွေးနွေးပွဲကိုကျင်းပရန် သဘောတူညီမှုရရှိခဲ့ကြောင်းနှင့် ဝန်ကြီးအဆင့်ဆွေးနွေးပွဲများသာမက လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဆက်လက်ကျင်းပရန် သဘောတူခဲ့ကြောင်း အကာဇဝက ပြောသည်။ အမေရိကန်ပြည်ထောင်စုသည် ရက်ပေါင်း ၉၀အတွင်း အဆိုပါသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ချင်ပုံရသည်ဟုလည်း အကာဇဝက ပြောသည်။

လူချင်းတွေ့ဆုံရန် အချိန်ပေးခဲ့သည့်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ကျေးဇူးတင်ကြောင်းနှင့် ဂျပန်နှင့် တွေ့ဆုံဆွေးနွေးမှုသည် ထိပ်တန်းဦးစားပေးကိစ္စတစ်ခု ဖြစ်သည့်အကြောင်း မစ္စတာထရမ့်က ဖော်ပြခဲ့သည်ဟု အကာဇဝက ပြောသည်။

ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး ဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခဲ့သည့်အပေါ် အလွန်ဝမ်းမြောက်မိကြောင်း၊ အကြီးအကျယ်တိုးတက်မှုရှိကြောင်းလည်း အမေရိကန်သမ္မတ ထရမ့်က လူမှုကွန်ရက်ပေါ်တွင် ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ယခုနှစ် နွေဦးရာသီအတွက် နီပေါတောင်ထိပ်များသို့တက်ရောက်ရန် တောင်တက်သမား ၇၀၄ ဦး ခွင့်ပြုပေး

**ခတ္တမန္ဒူ ဧပြီ ၁၇**

နီပေါနိုင်ငံသည် အမျိုးသမီး တောင်တက်သမား ၁၅၆ ဦး အပါအဝင် တောင်တက်သမား ၇၀၄ဦးအား ယခုနှစ် မေလအထိ နွေဦးတောင်တက် ရာသီအတွင်း တောင်တက်ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဧပြီ ၁၇ ရက်တွင် ပြောသည်။

၎င်းတို့အနက် အမျိုးသား ၂၅၃ ဦးနှင့် အမျိုးသမီး ၅၈ ဦးအား အမြင့် ၈၈၄၈ ဒသမ ၈၆ မီတာရှိသော ချိုမိုလန်မာတောင်သို့ တက်ရောက်ခွင့် ပြုခဲ့သည်။ တောင်တက်ခွင့် လျှောက်လွှာများကို နေ့စဉ်လက်ခံရရှိနေကြောင်း ခရီးသွားလာမှုဌာန ညွှန်ကြားရေးမှူး လီလာဒ်ဟာ အက်စ်ဝက်သီက ဆင်ဟွာသို့ ပြောသည်။



တောင်တက်ခွင့်ပါမစ် ထုတ်ပေးခြင်းဖြင့် နီပေါနိုင်ငံသည် ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၈၄ သန်း ရရှိခဲ့သည်။ နီပေါအစိုးရသည် ချိုမိုလန်မာတောင်သို့ နိုင်ငံခြားသားများ တက်ရောက်သည့်အခါ တောင်တက်ကြေးကို စက်တင်ဘာ ၁ ရက်မှစတင်၍ ဒေါ်လာ ၁၁၀၀၀ မှ ဒေါ်လာ ၁၅၀၀၀ အထိ တိုးမြှင့် ကောက်ခံသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## အစ္စရေးတို့ ထိုးစစ်ကြောင့် ဂါဇာတွင် လူပေါင်း ၅၀၀၀၀၀ ကျော် နေရပ်စွန့်ခွာ

**ဂါဇာ ဧပြီ ၁၇**

အစ္စရေးတို့၏ အကြီးအကျယ် စစ်ဆင်ရေးများ ပြန်လည်ပြုလုပ်လိုက်သည့် ၂၀၂၅ ခုနှစ် မတ် ၁၈ ရက်စကာ ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၅၀၀၀၀၀ ကျော် နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြောင်း ကုလသမဂ္ဂက ဧပြီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ဧပြီ ၁၆ ရက် ညမှ ၁၇ ရက် နံနက်ပိုင်းအထိ ဂါဇာကမ်းမြောင်ဒေသရှိ ရွက်ဖျင်တဲများတွင် နေထိုင်လျက်ရှိသည့် ပြည်သူ ၂၃ ဦးသည် အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်ဟု ပါလက်စတိုင်းမီဒီယာက ဖော်ပြခဲ့သည်။

ထိုးစစ်ဆင် တိုက်ခိုက်သည့် အချိန်မှစကာ ဂါဇာကမ်းမြောင်ဒေသ၏ ၃၀ ရာခိုင်နှုန်းခန့်ကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောသည်။ အစ္စရေးတပ်ဖွဲ့၏တိုက်ခိုက်မှုများကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ဂါဇာကမ်းမြောင် ဒေသသို့ မည်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီမှ ပေးမဝင်သည့်အတွက် ရွှေ့ပြောင်းအခြေချသူများအတွက် ရွက်ဖျင်တဲ အသစ်များလည်း မရှိတော့ကြောင်း ကုလသမဂ္ဂက ပြောသည်။ စားရေရိက္ခာရရှိသည့် ကလေး အရေအတွက်မှာလည်း သုံးပုံနှစ်ပုံအထိ ကျဆင်းလာကြောင်းလည်း ကုလသမဂ္ဂက ဆက်လက်ပြောကြားသည်။




အစ္စရေးနှင့် ဟားမားစ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်အသစ်ကို အကောင်အထည်ဖော်နိုင်ရန် စေ့စပ်ညှိနှိုင်းသူများကလည်း ကြိုးစားလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ၂၀၂၅ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး ခန့်မှန်းချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းလျှော့ချ

**ဝါရှင်တန် ဧပြီ ၁၇**

အမေရိကန်၏အခွန်စည်းကြပ်မှုသည် ကမ္ဘာ့စီးပွားရေးအတွက် ပြင်းထန်သော အကျိုးသက်ရောက်မှုများ ဖြစ်စေမည့် အကျပ်အတည်းကို ဖြစ်ပေါ်စေသည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပြောကြားခဲ့သည် ။

ယခုနှစ်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပမာဏ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ ကုန်သွယ်မှုဆိုင်ရာစိုးရိမ်ပူပန်မှုများသည် ဘဏ္ဍာရေးဈေးကွက်တွင် အနုတ်လက္ခဏာများကိုသာ ယူဆောင်လာနိုင်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် အင်ဂိုဇီအိုကွန်ဂျိုအီဝဲလာက ဧပြီ ၁၆ ရက်တွင် ပြောသည်။

ဆင်းရဲသည့်နိုင်ငံများအပေါ်တွင် သက်ရောက်လာနိုင်မှုအပေါ် စိုးရိမ်မိကြောင်းနှင့် လက်ရှိအခွန်စည်းကြပ်မှုအပေါ်မူတည်၍ ကမ္ဘာ့ကုန်သွယ်ရေးသည် ၂၀၂၅ ခုနှစ်တွင် ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ခန့်မှန်းထားသည်။ အကယ်၍ အမေရိကန်ကသာ အပြန်အလှန်အခွန်စည်းကြပ်မှုကို ဆက်လက်လုပ်ဆောင်ခဲ့ပါက ကုန်သွယ်မှုသည် နောက်ထပ် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၅၆၇၁ ဦး နေရပ်ပြန်

**ကဘူးလ် ဧပြီ ၁၇**

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ပါကစ္စတန်နှင့်အီရန်နိုင်ငံသို့ ရောက်ရှိနေသည့် အာဖဂန်နစ္စတန် ဒုက္ခသည် ၅၆၇၁ ဦးသည် ဧပြီ ၁၆ရက်တွင် နေရပ်ပြန်သွားကြကြောင်း အာဖဂန်နစ္စတန်သို့ နေရပ်ပြန်သူများအတွက် ဖြေရှင်းရေးဆိုင်ရာ မဟာမင်းကြီးရုံးက ဧပြီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဒုက္ခသည်များသည် အရှေ့ပိုင်းနန်ဂါဟာပြည်နယ်ရှိ တော့ခ်ဟန်နယ်စပ်ဖြတ်သန်းရေးဂိတ်မှလည်းကောင်း၊ တောင်ပိုင်းကန်ဒဟာပြည်နယ်ရှိ စပင်ဘိုဒွေါနယ်စပ်ဖြတ်သန်းရေးဂိတ်မှလည်းကောင်း အနောက်ပိုင်းဟီရတ်ပြည်နယ်ရှိ အစလမ်ကွာလာ နယ်စပ်ဖြတ်သန်းရေးဂိတ်မှလည်းကောင်း အသီးသီးနေရပ်ပြန်သွားကြကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

# တောင်ငူမြို့၌ အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ ကျင်းပ

**တောင်ငူ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီ ဘိုးဘွားရိပ်သာ၌ ၁၃၈၇ ခုနှစ် တန်ခူးလနှစ်ဆန်း တစ်ရက်နေ့ အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ပိုင်းကကေတုမတီဘိုးဘွားရိပ်သာ ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ပြီး တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် ဇနီး ဦးဆောင်၍ ဩကာသ ကန်တော့ချိုးဖြင့် ရှိခိုးပူဇော် ကန်တော့သည်။

ထို့နောက် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် ဇနီး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်း အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက အဘိုး ကိုးဦး၊ အဘွား ၃၅ စုစုပေါင်းအဘိုးအဘွား ၄၄ ဦး အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ပစ္စည်း ကိုးမျိုး လှူဒါန်းရာ အဘိုးတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော် စိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ် လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင် နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။ **ခရိုင်(ပြန်/ဆက်)**





# ဘိုကလေးမြို့နယ် တပ်မဲ့ကျေးရွာ၌ နှစ်ဦးဆွမ်းကပ်၊ ဘုရားရေသပ္ပာယ် ကုသိုလ်ပြု

**ဘိုကလေး မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် တပ်မဲ့ကျေးရွာတွင် ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ် မင်္ဂလာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စေတီတော်ရုပ်ပွားဆင်းတုတော် များအား သန့်ရှင်းရေးကုသိုလ်ပြုခြင်း၊ ရေသပ္ပာယ်ခြင်း စသည့် ဝေယျာ ဝစ္စဒါနပြုလုပ်ကုသိုလ်ယူခြင်းများကို ယနေ့နံနက်ပိုင်းမှစတင်ကာ တပ်မဲ့ကျေးရွာရှိ ဓမ္မသုခဘုန်းတော်ကြီးကျောင်းနှင့် ပြည်လုံးချမ်းသာ စေတီတော်ဝင်းအတွင်း ပြုလုပ်ကြသည်။

"ဓမ္မသုခကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသီလဝံသအရှင်သူမြတ် ရဲ့ဩဝါဒနဲ့အညီ သင်္ကြန်အတက်နေ့မှာ နှစ်ကျိပ်ရှစ်ဆူဘုရားရုပ်ပွား တော်တွေ လှည့်လည် ဒေသစာရီကြွချီအပူဇော်ခံတယ်။ နှစ်စဉ်နှစ်ဆန်း တစ်ရက်နေ့ရောက်တိုင်း နှစ်ဦးဆွမ်းကပ်လှူတယ်။ ပြည်လုံးချမ်းသာ စေတီနဲ့ နဂါးရုံဘုရားကိုလည်း ရေသပ္ပာယ်ပူဇော်တယ်" ဟု ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးမြင့်က ပြောသည်။

**သိဒ္ဓိအောင်**

# မှော်ဘီမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**မှော်ဘီ မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ်တွင်၁၃၈၇ ခုနှစ် နှစ်သစ် အခါသမယ၌ မြန်မာတို့၏ အထွတ်အမြတ်ထားရာ မြန်မာ့ နှစ်ဆန်းတစ်ရက်နေ့တွင် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လှိုင်မြစ်အတွင်း ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့ နံနက် ၇ နာရီက မြို့ချောင်း ကျေးရွာအုပ်စု လှိုင်မြစ်ကမ်းဘေး ၌ ကျင်းပသည်။



အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲ သို့ မှော်ဘီခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ အဖွဲ့ ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင် (၂) ဦးဝင်းစိုး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သဲနုဝေနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များက လှိုင်မြစ်အတွင်းသို့ ငါးကြင်းနှင့် ငါးကြီး ငါးမျိုးစေ့ သားပေါက် ကောင်ရေ တစ်သန်းကို ကုသိုလ် ပြုဇီဝိတဒါနအဖြစ် ငါးများ လွှတ်ပေးကြောင်း သိရသည်။

**ကောင်းမြတ်သူ**
**(မှော်ဘီ)**

# ကျောင်းကုန်းမြို့၌ အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ကျောင်းကုန်း မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်း ကုန်းမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံး အေးချမ်း သာယာခန်းမ၌ ယနေ့နံနက်တွင် အသက် (၈၀) နှင့် အထက် သက်ကြီးဘိုးဘွားများအား ပူဇော် ကန်တော့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသည့်အခါသမယတွင် အသက်(၈၀) နှစ်နှင့်အထက် အဘိုး အဘွားတို့အား ပူဇော်ကန်တော့ ခြင်းဖြစ်ပါကြောင်း၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းတို့ဖြင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်း တောင်းပေးပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ ထို့နောက် အဘိုးတစ်ဦးက ဆုတောင်း မေတ္တာ ပြန်လည်ပို့သခဲ့သည်။

ကျောင်းကုန်းမြို့နယ် မြို့ပေါ် ရပ်ကွက်များမှ အသက်(၈၀) နှစ်နှင့်အထက် အဘိုးအဘွား များမှာ အမှတ်(၁)ရပ်ကွက်မှ ၁၆ ဦး၊ အမှတ်(၂)ရပ်ကွက်မှ ၂၀၊ အမှတ် (၃) ရပ်ကွက်မှ ၁၀ ဦး၊ အမှတ် (၄) ရပ်ကွက်မှ ခုနစ်ဦး၊ ၅၃ဦးတို့အား ငွေသားနှင့်လှူဖွယ် ပစ္စည်း ငွေကျပ်တစ်သိန်းစီဖြင့် စုစု ပေါင်း ၅၃ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# မက်မန်းမြို့၌ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပ

**မက်မန်း မေ ၁၇**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့တွင် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပ၍ ယနေ့နံနက်တွင် မက်မန်းမြို့ အမှတ် (၁)၊ အမှတ် (၂)နှင့် ကွန်ဟောင်းကျေးရွာရှိ အသက်(၆၅)နှစ် အထက် ဘိုးဘွား ၂၀ အား အာဟာရများကျွေးမွေးခဲ့ပြီး ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းက သက်ကြီးပူဇော်ပွဲ ပြုလုပ် ရခြင်းနှင့်ပက်သက်၍ ရှင်းလင်း ပြောကြားကာ အသက်(၆၅)နှစ်အထက် ဘိုးဘွား ၂၀ အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင် များက အလှူငွေနှင့်ပစ္စည်းများလှူဒါန်း၍ ပူဇော်ကန်တော့ကြသည်။

ထို့နောက် အမှတ်(၁)ရပ်ကွက်မှ ဦးလိုင်းဆိုင်နှင့် ကွန်ဟောင်း ကျေးရွာမှ ဦးလောတားတို့က ကျေးဇူးတင်ဆုတောင်းစကား ပြောကြား ပြီး သက်ကြီးဘိုးဘွား ၂၀ တို့ကို ခြေသည်း၊ လက်သည်းများ သန့်စင်ပေး ကာ ကျန်းမာရေးဦးစီးဌာနမှ ဘိုးဘွားများအား လိုအပ်သည့် ကျန်းမာ ရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**



# ညောင်ဦးမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ညောင်ဦး မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ကျိုက္ကလွန်ပွန်းစေတီ တော်မြတ်ကြီးအနီး ဥမ္မာဒန္တီ



ကမ်းခြေ၌ မေ ၁၇ ရက် (မြန်မာ နှစ်ဆန်းတစ်ရက်) နံနက်တွင် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ သည်။

အဆိုပါဇီဝိတဒါန ငါးလွှတ်ပွဲ သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင် များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်နှင့် အဖွဲ့ဝင် များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များက ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်း ကောင်ရေ ၂၅၀၀၀ နှင့် ငါးခုံးမကောင်ရေ ၂၅၀၀၀ စုစုပေါင်းကောင်ရေ၅၀၀၀၀ အား ဇီဝိတဒါန ငါးလွှတ်ကုသိုလ် ဆောင်ရွက်ခဲ့ကြကြောင်း သိရ သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘို ရပ်ကွက်လုံးဆိုင်ရာ (၇၆) ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘို ရပ်ကွက်လုံးဆိုင်ရာ အသက် (၇၀) နှစ်နှင့်အထက် (၇၆) ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)နံနက်ပိုင်းက ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရ ဓမ္မာရုံအတွင်း၌ ကျင်းပခဲ့သည်။



ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးကြီး (ငြိမ်း)ဦးမျိုးမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဦးဆောင်နာယကကြီး ဦးလှမြင့်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ပူဇော်ပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ (သဘာပတိ) ဦးကျော်ဝင်းက ဂါရဝပြုစကားပြောကြားပြီး ငွေကျပ်ငါးသိန်းနှင့်အထက် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် အပူဇော်ခံ အသက်အကြီးဆုံး အဘိုးဦးသန်းအောင် (၉၈) နှစ်နှင့် အဘွားဒေါ်မြစိန် ၁၀၂ နှစ်တို့အား အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းကတစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀၀ စီနှင့် ပူဇော်ကန်တော့ပြီး အဘိုးအဘွားများအား အခမ်းအနားမှူး ဦးတင်မောင်ဇော် (အတွင်းရေးမှူး -၁)က ဦးဆောင်၍ ကန်တော့ချိုးဖြင့် စုပေါင်းကန်တော့ခဲ့ကြရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးအောင်ထွန်း (၈၄) နှစ်က ဆုတောင်းမေတ္တာစကားပြန်လည်ပြောကြားပေးခဲ့ပြီး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းကလမ်းမြောက်စကားပြောကြားခဲ့သည်။

ယခုနှစ် ပူဇော်ကန်တော့ပွဲတွင် ဘိုးဘွား ၇၄၁ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၇၅၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ်၅၅၈၇၀၀၀၀ ကန်တော့နိုင်ခဲ့ပြီး ကံစမ်းမဲတစ်မဲလျှင်ငွေကျပ် ၁၀၀၀၀၀ စီဖြင့် ကံစမ်းမဲ ၂၀ (ငွေကျပ်သိန်း ၂၀)၊ဂိလာနအဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီဖြင့် ၃၅၀၀၀ စုစုပေါင်းငွေကျပ် ၅၆၅၉၀၀၀၀ ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)



## ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ သန်လျင်၌ ကျင်းပ

ရန်ကုန် မေ ၁၇

သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက် ၈ နာရီက သန်လျင်မြို့နယ်ဘုရားကုန်းကျေးရွာအုပ်စု ဇာမဏီဆည်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဇီဝိတဒါနအဖြစ် ရွှေဝါငါးကြင်းပေါက်ကောင်ရေ ၁၀၀၀၀ ကို ဇာမဏီဆည်အတွင်းသို့ လွှတ်ပေးကြသည်။

ဆက်လက်၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်စဉ်အကြို သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို နံနက်ပိုင်းတွင် မြို့ဟောင်း အလယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ရပ်ကွက်အလှူရှင်များနှင့် စုပေါင်း၍ သက်ကြီးဘိုးဘွား ၁၀၂ ဦးတို့အား တစ်ဦးလျှင် ကန်တော့အလှူငွေကျပ် ၄၆၀၀၀ ဆေးဝါးနှင့် အာဟာရပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## အကြိမ်(၅၀)မြောက် မွန်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသော အကြိမ် (၅၀)မြောက် မွန်သက်ကြီး ပူဇော်ပွဲကို (၁၃၇၇) ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်) ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတတ်တိုက်၌ ကျင်းပသည်။



ဦးစွာ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က အမှာစကား ပြောကြားပြီး မွန်သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော် ကန်တော့ကြသည်။

ထို့နောက် မွန်သက်ကြီး ဘိုးဘွားများက ဆုတောင်းမေတ္တာပို့သကြပြီး မွန်သက်ကြီးဘိုးဘွားများအား မွန်လူငယ် ဆယ်ကော်မတီမှ မောင်မယ်များက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

အဆိုပါ မွန်သက်ကြီးဘိုးဘွားများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များမှ အသက် (၇၅) နှစ်နှင့်အထက် ၁၄၂ ဦး၊ အသက်(၈၀) နှင့်အထက် ဘိုးဘွား ၃၁၄ ဦး စုစုပေါင်း ၄၅၆ ဦးတို့အား ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

အာကာစိုး




## ဟင်္သာတမြို့ကမ်းနားဆိပ်ကမ်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

ဟင်္သာတ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိမ်းအမှတ် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟင်္သာတမြို့ ပခန်းရပ်ကွက် ကမ်းနားဆိပ်ကမ်း၌ ပြုလုပ်ခဲ့သည်။

အခမ်းနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် ခရိုင် /မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ သတ်မှတ်နေရာများတွင် အသီးသီးနေရာယူခဲ့ပြီးနောက် ငါးခုံးမကြီး အမျိုးအစားငါးကောင်ရေ ၂၀၀၀၀ နှင့် ရွှေဝါငါးကြင်းအမျိုးအစား ငါးကောင်ရေ ၁၀၀၀၀ တို့အား ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။

အခမ်းအနားသို့ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့်အဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့ နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟင်္သာတခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ထားဝယ်မြို့ရှိ ရွှေတောင်စားစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ



ထားဝယ် မေ ၁၇

မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော ဘာသာရေး နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ထားဝယ်မြို့၏ အထင်ကရ တစ်ခုဖြစ်သော ထားဝယ် မြို့ ကျက်သရေဆောင် ရွှေတောင်စား စေတီတော်မြတ်ကြီး၌ ယနေ့ညနေပိုင်းတွင် ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထားဝယ်မြို့ ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးတွင် ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဘုရားဖူးလာပြည်သူများက အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ဗောဓိပင်များတွင် ညောင်ရေသွန်းလောင်းပြီး ဆုတောင်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ငွေဇင်ယော် (ထားဝယ်)

## တောင်ဥက္ကလာပမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်

တောင်ဥက္ကလာပ မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲကို ယနေ့နံနက်၁၁ နာရီက ဥက္ကလာပစေတီတော်မြတ်ကြီး ရေဟောင်း ခုနစ်ဆူဘုရားနှင့် အောင်တော်မူ စေတီတော်ဝင်း အတွင်းရှိ မင်္ဂလာကန်တော်၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ ငါးလွှတ်ပွဲကို သင်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့်ဇနီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဇီဝိတဒါန ငါးလွှတ်ခဲ့ကြသည်။

အဆိုပါ မြန်မာနှစ်ဆန်း တစ်ရက် ဇီဝိတဒါန ငါးလွှတ်ရာတွင် ငါးအကောင်ရေ ခုနစ်ထောင် လွှတ် ပေးခဲ့ကြကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

# နှစ်ဆန်းတစ်ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် စည်ကား



**နေပြည်တော် မေ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကုန်ဆုံး၍ ၁၃၈၇ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့် နေ့ထူး နေ့မြတ် အချိန်အခါသမယဖြစ်သည့်အတွက် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလအတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏ အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် အစပြုလေ့ရှိရာ ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီလ ဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေ သန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ လူကြီးမိဘ ဆရာသမားများအား ကန်တော့ခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းနှင့် စတုဒိသာကျွေးမွေး လှူဒါန်းကြခြင်း စသည့် ကုသိုလ်ကောင်းမှုတို့ဖြင့် နှစ်သစ်ကို အစပြုကြသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းမှစ၍ တန်ခိုးကြီးဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဆရာတော်သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားကြသူများ ဇီဝိတဒါနအဖြစ် ငါးနှင့်ငှက်များကို ဘေးမဲ့လွှတ်ကြသူများ၊ စတုဒိသာ ကျွေးမွေးအလှူဒါနပြုကြသူများဖြင့် နှစ်သစ် ကုသိုလ်အလှူများကို တစ်ဦး တစ်ယောက်ချင်းအလိုက်၊ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အစဉ်အလာမပျက် ပြုလုပ်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေခဲ့ကြပြီး နှစ်သစ်ကို ကုသိုလ်ကောင်းမှုများဖြင့် စတင်ခဲ့ကြသည်။ **သတင်းစဉ်**

# လျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ထားမှုကြည့်ရှု

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၇ ရက် နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ နေ့စဉ်ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရားနှင့် မဟာလောကမာရဇိန် စေတီ ကုသိုလ်တော်မြတ်စွာ ဘုရားတို့တွင် စေတီ၊ ပုထိုးများ၊ သာသနိက





အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး ဆရာတော်ကြီးများ၏ ဩဝါဒများ ခံယူ၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ နေ့စဉ် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋီတိုက် အပြင်ဘက်တွင် တိုက်ရိုက်ထုတ်လွှင့်ပူဇော် စီစဉ်ဆောင်ရွက်ထားရှိမှုကိုကြည့်ရှုပြီး ယခုအစီအစဉ်ထက် ပိုမိုကောင်းမွန်သည့်အစီအစဉ်ကို ဆောင်ရွက်သွားနိုင်ရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းထားမှုတို့ကို လိုက်လံကြည့်ရှုခဲ့သည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရားသို့လည်းကောင်း၊ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာ ဘုရားသို့လည်းကောင်း သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးတော်များနှင့် သာသနိကအဆောက်အအုံများ၏ ထိခိုက်ပျက်စီးခဲ့မှုတို့ကို လိုက်လံကြည့်ရှု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဘုရားဖူးများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေး၊ အန္တရာယ်ရှိ အဆောက်အအုံများအား အပိုင်းလိုက် စနစ်တကျ ဖယ်ရှား ရှင်းလင်းမှုများကို ဂရုစိုက် ဆောင်ရွက်သွားရေး၊ ပြန်လည် မွမ်းမံတည်ဆောက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် မူလပုံစံနည်းတူ ဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွား ၂၈၇ ဦးအား ပူဇော်ကန်တော့

**ဘားအံ မေ ၁၇**

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်(၉)ခုမှ အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွား ၂၈၇ ဦးအား ပူဇော်ကန်တော့ခဲ့ကြသည်။

ဦးစွာ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များမှ အဘိုး၊ အဘွား ၇၀ တက်ရောက်ခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အဘိုး၊ အဘွားများအား အာဟာရမုန့်များ ကျွေးမွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှစ်သစ်ဆုတောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြကာ အဘိုးအဘွားများအား ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ဘားအံမြို့ပေါ်ရှိ အဘိုး အဘွား ၂၈၇ ဦး အတွက် ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် ၅၀၀၀၀ နှုန်းနှင့် လှူဖွယ်ပစ္စည်း တန်ဖိုး ၃၃၀၀၀ နှုန်း စုစုပေါင်း ၈၃၀၀၀၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အခမ်းအနားသို့ တက်ရောက်သော ဘိုးဘွား ၇၀ အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၄၁၇၁၀၀၀ ကို ပူဇော်ကန်တော့ခဲ့ကြသည်။

ထို့နောက် အဘိုးအဘွားများ ကိုယ်စားအဘိုးတစ်ဦးက ဆုမွန်ကောင်းစကား ပြန်လည်ပြောကြားကာ အခမ်းအနားအပြီးတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ ဦးဆောင်သောအဖွဲ့က အဘိုးအဘွားများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့

**လွိုင်ကော် မေ ၁၇**

၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ မင်္ဂလာတရားတော်နှင့်အညီ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက သက်ကြီးဘိုးဘွားများအား ကန်တော့ခဲ့ကြပြီး သက်ကြီးဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လှူဖွယ်ပစ္စည်းနှင့် လှူဖွယ်ငွေများ လှူဒါန်းခဲ့ကြပြီး အဘိုး၊ အဘွား များကိုယ်စား အဘိုးတစ်ဦးက ဩဝါဒဆုပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဘိုး၊ အဘွားများအား ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိ၊ အရိုး၊ သွားနှင့်ခံတွင်းနှင့် အထွေထွေ ရောဂါကု သမားတော်များ၊ အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအားလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီအသင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များက ကူညီဆောင်ရွက် ပေးနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ မြို့အဝင် ကိုးဆူစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၆ ဒသမ ၉၁၃ တန်၊ သစ်မာ ၂ ဒသမ ၃၇၂ တန်၊ အခြားသစ် ၉ ဒသမ ၃၉၁ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၇၃၈၆၆၁ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ တရားမဝင်အခြားသစ် ၃ ဒသမ ၂၀၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၇၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၁၁ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၆၆၃၈)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ တရားမဝင်သစ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ရမည်းသင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဧပြီ ၁၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် ရမည်းသင်းမြို့နယ်



ရမည်းသင်းမြို့နယ်၌ ယာဉ်တိုက်မှု မှတ်တမ်းဓာတ်ပုံ။

အောင်ကန်ကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၉၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ဟဲဟိုးမြို့ ရှမ်းရွာရပ်ကွက်နေ ချစ်မင်း(၂၅)နှစ် မောင်းနှင်လာသည့် SHN-24 5P/xxxxx HINO ယာဉ်နှင့် ၎င်းလမ်းအတိုင်း မျက်နှာချင်းဆိုင် မြောက်မှတောင်သို့ ပျဉ်တပ်ရပ်ကွက်နေ အေးမင်းသိုင်း(၃၆)နှစ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် လက်ဆည်ကန်ကျေးရွာနေ ဒေါ်စောမေ(၃၆)နှစ်နှင့် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်နေ ဒေါ်ဖြိုး သီရိကျော်(၃၆)နှစ်တို့ လိုက်ပါလာသည့် MDY 18U/xxxx မီနီအိုးဝေယာဉ်တို့ လမ်းလယ်တွင်မျက်နှာချင်းတိုက်မိခဲ့သဖြင့် အေးမင်းသိုင်း၊ ဒေါ်စောမေနှင့် ဒေါ်ဖြိုးသီရိကျော်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ချမ်းမင်းနှင့်အေးမင်းသိုင်းတို့ နှစ်ဦးကို ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံးပြီး အမျိုးသမီး နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသမီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရေဥက္ကံကျေးရွာ အမှတ်(၅)လမ်းတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉) ယာဉ်ထိန်း ရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အမှတ်(၅)လမ်းအတိုင်း ဘီအိုစီ မီးပွိုင့်ဘက်မှ ဘုရားလမ်းမီးပွိုင့်ဘက်သို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက်နေ စိုးတင့်(၆၈)နှစ် မောင်းနှင်လာသော YGN-13 1D-xxxx TOYOTA HILUX SURF ယာဉ်သည် အောက်ထိပ်မှတ်တိုင်အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် စိုးတင့်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌သေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသည့် တစ်ရပ်ကွက်တည်းနေ ဒေါ်ခိုင်ဝါဦး (၄၁)နှစ်၊ မမြတ်သူဇာ(၁၉)နှစ်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် စိုးတင့်အား လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## ရေးမြို့နယ်၌ စက်လှေဖြင့် စက်သုံးဆီများ တရားမဝင် တင်ဆောင်လာသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဧပြီ ၁၇**

မွန်ပြည်နယ် ရေးမြို့နယ်၌ ဧပြီ ၁၆ ရက်က စက်လှေဖြင့် စက်သုံးဆီများ တရားမဝင် တင်ဆောင်လာသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀တွင် ရေးမြို့နယ် လမိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကုလားဂုတ်ကျွန်း၌ လုံခြုံရေးတာဝန်များ ဆောင်ရွက်နေစဉ် မသင်္ကာဖွယ်စက်လှေတစ်စင်းအား တွေ့ရှိ၍ စစ်ဆေးရာ "ယွန်းလပြည့်လင်း" အမည်ပါ



ရေးမြို့နယ်၌ စက်လှေဖြင့် စက်သုံးဆီများ တရားမဝင် တင်ဆောင်လာသူ အမျိုးသား နှစ်ဦးအား သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

စက်တပ်ရေယာဉ်ပေါ်တွင်လှေသားများဖြစ်သော ဟိုင်းကြီးကျွန်းမြို့နယ် ကံချိုင်ကျေးရွာနေ ရှိန်းထက်(ခ) အသေးလေး(၃၅)နှစ်နှင့် သံတွဲမြို့နယ် ဂျိုက်တောကျေးရွာနေ သန်းဇော်(၄၆)နှစ်တို့ နှစ်ဦးအား တရားမဝင်တင်ဆောင်လာသည့် ဒီဇယ်ပီပါ အလုံး ၃၀၊ ၁၄၀၀ ဂါလန်နှင့်အတူ ဖမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား လမိုင်းနယ်မြေရဲစခန်းရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## မွန်ပြည်နယ်အတွင်း အကျဉ်း/အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား အကျဉ်းသူ ၅၁၃ ဦး လွတ်ငြိမ်းခွင့်ပြု

**မော်လမြိုင် ဧပြီ ၁၇**

မြန်မာနှစ်သစ်အခါသမယတွင် မွန်ပြည်နယ်အတွင်းရှိ အကျဉ်း / အချုပ်ထောင်စခန်း ၁၀ ခုမှ အကျဉ်းသား အကျဉ်းသူ ၅၁၃ ဦးတို့အား ၎င်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအား လျှော့ပေါ့၍ တာဝန်ရှိသူတို့က ပြစ်ဒဏ်လွတ်ငြိမ်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ကျိုက်မရောဇဟိုထောင်မှ ၉၇ ဦး၊ မော်လမြိုင်အချုပ်ထောင်မှ ၂၁၀၊ သထုံအကျဉ်းထောင်မှ ၄၃ ဦး၊ ကျိုက်ထိုမြို့နယ် မုပွလင်(အမျိုးသား) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၆ ဦး၊ မုပွလင် (အမျိုးသမီး)ကုန်ထုတ်စခန်းမှ အကျဉ်းသူ ၅၁ ဦး အင်္ဂတို ရော်ဘာစိုက်ပျိုးရေးစခန်း(ရွှေဖြူ)မှ အကျဉ်းသား ၁၃ ဦး၊ တောင်စွန်း စခန်းမှ ၂၃၀၊ ရင်ငြိမ်စခန်းမှ ၁၀ ဦး၊အင်ပြောင်စခန်းမှ ကိုးဦး၊ ဇင်းကျိုက်စခန်းမှ လေးဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၅၁၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## ပြည်ကြီးတံခွန်မြို့နယ်၌ မီးပလပ်ခုံအပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဧပြီ ၁၅ ရက်က မီးပလပ်ခုံအပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့




ပြည်ကြီးတံခွန်မြို့နယ်၌ မီးပလပ်ခုံအပူလွန်ကဲပြီး ဝိုင်ယာရှော့ခ် ဖြစ်ကာ မီးလောင်မှု မှတ်တမ်းဓာတ်ပုံ။

ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက်ရှိ ဒေါ်နုနုလွင်(၅၀)နှစ်၏နေအိမ်၌ မီးလောင်မှု ဖြစ်ပွားကြောင်းသတင်းအရ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်လေးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ရာ ၎င်း၏ RC နှစ်ထပ်နေအိမ်အပေါ်ထပ်တွင် လျှပ်စစ်မီးဖြင့် ဘုရားမီးပူဇော်ထားရာမှ မီးပလပ်ခုံအပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ ဘုရားစင်အောက်ရှိ အောက်ခံအထပ်သားပြားမှတစ်ဆင့် နေအိမ်အပေါ်ထပ်အား မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် နုနုလွင်အား စက်မှုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား




## ကချင်ပြည်နယ်အစိုးရအဖွဲ့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (၃)ခု ဆောင်ရွက်မည်ဖြစ်ပါသဖြင့် တရားဝင်လိုင်စင်ရ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | မြို့နယ် | လုပ်ငန်း |
|---|---|---|
| (က) | မြစ်ကြီးနားမြို့ | မလိခဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ် အဆောက်အအုံ(၁)လုံး တည်ဆောက်ခြင်း (61'6"x51'0") |
| (ခ) | မြစ်ကြီးနားမြို့ | မေခဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ် အဆောက်အအုံ (၁)လုံး တည်ဆောက်ခြင်း (61'6"x51'0") |
| (ဂ) | မြစ်ကြီးနားမြို့ | မေခဝန်ထမ်းအိမ်ရာတိုက်အမှတ်(၂၄)တွင် လျှပ်စစ်မီးလိုင်းတပ်ဆင်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၂၂-၄-၂၀၂၅)ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - (၅-၅-၂၀၂၅)ရက်
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ရက်/အချိန်** - (၆-၅-၂၀၂၅)ရက် ညနေ (၁၆:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့်ရက်** - ထပ်မံကြေညာပါမည်။
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၃။ တင်ဒါလျှောက်လွှာပုံစံ/တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်း-၀၇၄-၂၅၂၉၂၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဌာန တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ဝယ်ယူ တပ်ဆင်ခြင်း၊ ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းတို့ တိုးချဲ့ဆွဲသားခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၂၅-၄-၂၀၂၅)ရက်မှ(၉-၅-၂၀၂၅) ရက်ထိ
**တင်ဒါသွင်းရမည့်ရက်** - (၉-၅-၂၀၂၅)ရက်မှ(၁၆-၅-၂၀၂၅) ရက်ထိ
**တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဗိုလ်ချုပ်လမ်း၊အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဗိုလ်ချုပ်လမ်း၊အမှတ်(၁)ရပ်ကွက် ဘားအံမြို့

၃။ **အသေးစိတ်သိလိုပါက ကရင်ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးဖုန်း**
(၁) ၀၉-၅၆၆၂၁၆၂၊ ဒုပြည်နယ်လျှပ်စစ် အင်ဂျင်နီယာ
(၂) ၀၉-၆၉၈၂၄၆၆၃၂၊ ဘဏ္ဍာရေးမှူး (ပြည်နယ်)
(၃) ၀၉-၇၇၇၆၁၈၇၃၇၊ အင်ဂျင်နီယာမှူး (ပြည်နယ်) သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

လမ်းမီးများကို အလင်းရောင်ရှိသော အချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ အလင်းရောင် အားနည်းလာသည့် အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင် ပေါ်ထွက်လာပါက အလိုအလျောက် ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မွန်ပြည်နယ်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ(BE) ဖြင့် ဆောင်ရွက်မည့် မြို့ပြ Turnkey လုပ်ငန်း Lot (၃)ခု၊ လျှပ်စစ် Turnkeyလုပ်ငန်း Lot (၃၇)ခုနှင့်လုပ်ငန်းသုံးပစ္စည်းဝယ်ယူရေး Lot(၂)ခုအတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** -(၂၂-၄-၂၀၂၅)ရက်မှ(၆-၅-၂၀၂၅) ရက်အထိ
**တင်ဒါတင်သွင်းရမည့်ရက်** -(၇-၅-၂၀၂၅)ရက်မှ(၉-၅-၂၀၂၅)ရက်
**တင်ဒါလျှောက်လွှာဝယ်ယူ တင်သွင်းရမည့်နေရာ** -မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင် ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
ဖုန်း-၀၉-၄၂၈၇၂၅၅၇၂၊ ၀၉-၄၂၈၇၂၅၅၇၃
၀၉-၄၂၈၇၂၅၅၇၄၊ ၀၉-၄၅၅၄၅၄၄၂၂၊ ၀၉-၄၂၅၃၄၀၈၆၄

## တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် ပြောင်းလဲသတ်မှတ်ခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဟံသာဝတီရိုမြို့ကွက် ဖော်ထုတ်ရေးစီမံကိန်းအား လုပ်ငန်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါ လျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်အား အောက်ပါအတိုင်း ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်-

**မူလကြေညာခဲ့သည့် ရက်စွဲ**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - | ၂၂-၄-၂၀၂၅ ရက် (အင်္ဂါနေ့) |
| တင်ဒါ Deposit နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၂၂-၄-၂၀၂၅ ရက် (အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာ (နည်းပညာအဆိုပြုလွှာ စာအိတ် - A) နောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | - | ၂၃-၄-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) |

**ပြောင်းလဲသတ်မှတ်သည့်ရက်စွဲ**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - | ၂-၅-၂၀၂၅ ရက် (သောကြာနေ့) |
| တင်ဒါ Deposit နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၂-၅-၂၀၂၅ ရက်(သောကြာနေ့) |
| တင်ဒါလျှောက်လွှာ (နည်းပညာအဆိုပြုလွှာစာအိတ် - A) နောက်ဆုံးပြန်လည်တင်သွင်းရမည့်ရက် | - | ၅-၅-၂၀၂၅ ရက် (တနင်္လာနေ့) |

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၇-၄-၂၀၂၅ ရက်မှ ၂-၅-၂၀၂၅ ရက်အထိ ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၁၉၅၂၂၃၊ ၀၉-၅၀၈၀၄၃၄၊ ၀၉-၅၀၈၆၆၉၀၊ ၀၉-၄၂၆၄၅၆၂၃၃၊ ၀၉-၅၀၀၇၈၂၊ ၀၉-၅၃၇၀၇၉၂

**တင်ဒါကော်မတီ**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ်၏ မြို့နယ်များအတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၂-၄-၂၀၂၅)ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၆-၅-၂၀၂၅)ရက် (အင်္ဂါနေ့) ညနေ (၄:၀၀) နာရီ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါတင်သွင်းရမည့် နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကချင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း**-၀၉-၃၄၀၂၄၆၉၈၀

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ် (၃၂ ကချင်စုတောင်)၊ ဦးပိုင်အမှတ်(၁၀၄/ခ)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိမြေကွက်သည် မူလကဒေါ်ဇယ်ညွှယ်အမည်ဖြင့် (၂၈-၉-၂၀၃၆)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်ဇယ်ညွှယ် ထံမှ ဦးဝင်းမျိုးအောင်က (၂၃-၁-၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၀၃၂/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးဝင်းမျိုးအောင်၊ ၁/မကန(ပြု)၀၀၀၆၅၄အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေး အတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၅၊ ကျောင်းရပ်)၊ ဦးပိုင်အမှတ်(၉၉)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်သည် မူလက ဦးမျိုးသက်၊ ဒေါ်မန်ရှုန်ဘောမ်လုံအမည်ဖြင့် (၆-၁၁-၂၀၄၄) ရက်နေ့အထိ မြေငှားဂရန် သက်တမ်း ရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးမျိုးသက်မှာ (၁၇-၁၁-၂၀၂၄) ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဒေါ်မန်ရှုန်ဘောမ်လုံ တစ်ဦးတည်း အမည်ဖြင့် အမည်လျော့ မြေငှားဂရန်အသစ် ရရှိရေးအတွက် (၂၂-၁-၂၀၂၅)ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ် (၁၀၁/၂၀၂၅) ကို (၂၃-၁-၂၀၂၅)ရက်စွဲပါ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ်(၀၅၂/ ၂၀၂၅) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ ) မြစ်ကြီးနားခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂

ကွယ်လွန်သူ ဦးကွမ်ရင်ဂွမ်ဂျတ်၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှုတွင် မြစ်ကြီးနားမြို့၊ နယ်မြေ(၃)၊ အိမ်အမှတ် (၈၂)၊ သီတာရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကွမ်ရင်ဂွမ်ဂျတ်၏ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်ဂျာဘူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီလ၃၀ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကွမ်ရင်ဂွမ်ဂျတ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော၂၀၂၅ ခုနှစ်၊ ဧပြီလ (၃၀) ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် ) ၌ မိမိတို့ ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အုပ်ထိန်းခွင့်လက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဒေါ်ဂျာဘူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာ တွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၉) ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အေးအေးလင်း)**
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မုန်ဒန်လီ ၁/မကတ(နိုင်)၁၁၂၁၃ ၏ ပတ်စ်ပို့ နံပါတ်(M-283230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၆၇၈၀၆၇၃**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသန္တာဦး ၁/ဝမန (နိုင်)၀၆၁၇၆၅ ၏ ပတ်စ်ပို့ နံပါတ် (MI-580163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၃၃၄၄၇၇**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်တင်လှ**

**အသက်(၉၆)နှစ်**

သူငယ်ချင်း ဦးလှသက်မောင်၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်တင်တင်လှ အသက်(၉၆)နှစ်သည် ၁၅-၄-၂၀၂၅ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုဆန်း-မကျော့၊ ကိုမြင့်အောင်-စည်ထွေး၊**
**ကိုကျော်-မေသက်၊ ကိုဝေ-မဖြူ၊ ကိုအောင်-သီရိ၊**
**အေးထွန်း၊ ကိုဇော်-ရွှေဝါ၊ ကိုရဲ-မမတုတ်၊**
**ကိုမိုး-မလေး၊ ကိုသိန်းလွင်-နီလာဦး၊**
**ကိုသိန်းဟန်-သီသီ၊ ဆင့်ဝေ၊ Terry Tan**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ဆွေဆွေအေး(ခ)Daphne Chit Khin**

**Rice Market Specialist, Agricultural Specialist (Retd),**

**Foreign Agriculture Service, U.S Department of Agriculture**

**အသက်(၈၀)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၅၄(က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ ခြံအမှတ်(၁၁)နေ (ဦးချစ်ခင်-ဒေါ်စောရီ)တို့၏သမီး၊ (ဦးကောက်-ဒေါ်ကြည်ကြည်)တို့၏ချွေးမ၊ (ဒေါ်ခင်ငွေးဝင်း)၏ညီမ၊ (ဦးလှထွေး @ Steve @ I.J Young)၏ ချစ်လှစွာသော ဇနီး၊ ဦးတက်နေလင်းထွေး-ဒေါ်စန္ဒာလှိုင်၊ ဦးမိုးကျော်စိုးထွေး-ဒေါ်သူဇာမွန်၊ (ဦးကျော်သူထွေး)-ဒေါ်မြဝင်းနွယ်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဟိန်းကျော်သူဝင်း၊ မနှင်းအိန္ဒြာလှိုင်၊ မထက်သဒ္ဓါအောင်၊ မောင်ကောင်းမြတ်ထွေး၊ မောင်ခန့်ကျော်သူဝင်းတို့၏ ချစ်လှစွာသောအဘွားသည် ၁၇-၄-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် (၅:၁၁) နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၅ရက် (စနေနေ့) နံနက် (၁၁:၃၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် (၉:၃၀)နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမင်းဇော်**

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း(MOSA)အတွင်းရေးမှူး**

**Thida Tanker Shipping Co.,Ltd (Representative)**

**Reponia MNT (UK)Ltd (Representative)**

**အသက် (၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အိမ်အမှတ် (၄၃၆)နေ [ဘားမင်းဦးဘချစ်တင်-ဒေါ်ကြင်ဝေ (ခ) မေမေထား (ဗိုလ်ချုပ်ဈေး)]တို့၏သားထွေး၊ ဒေါ်စုကြည်သာ (Scotland)၏ ခင်ပွန်း၊ Adam Lu Burman(ခ) ကိုလူလူ (CEO and MD) Burman International Consultancy Ltd (UK)၏ မွေးသဖခင်ကျေးဇူးရှင်၊ ဗိုလ်မှူးမင်းလွင်(Y.C.D.C-ငြိမ်း)-ဒေါက်တာသီတာဦးခင်၊ ဦးကျော်ဦး၊ ဦးဝင်းစိုး-(ဒေါ်စန်းစန်းချစ်)၊ ဦးသော်တာမြင့်-ဒေါ်ချစ်ချစ်ဆွေတို့၏ညီ/မောင်၊ Mr.Ono Yuki- ဒေါ်သူဇာမွန် (ဂျပန်)၏ အစ်ကိုသည် ၁၇-၄-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ (၃) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ (၁)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် (၁၂)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် နံနက် (၈)နာရီမှ(၁၀)နာရီအတွင်း အထက်ပါနေအိမ်တွင် အာရုံဆွမ်းရက်လည်ဆွမ်းကျွေးတရားနှင့် ဥတ္တရာရာမကျောင်း၊ စံပြရပ်ကွက်၊ စံပြ (၅)လမ်း၊ ရန်မျိုးအောင်ဘုရားအနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့ဆွမ်းဆက်ကပ်ဆွမ်းကျွေးတရားတော်နာတို့အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-ထောက်ကြန့်တိုးချဲ့(၄)၊ မြေကွက်အမှတ်(၁၇၆)၊ အကျယ်အဝန်း (အလျား x အနံ) (၃၀x၅၀)ပေ၊ ဧရိယာ(၀.၀၃၄၄၇)ဧကရှိ ဒေါ်ညွန့် ၁၂/မဂဒ(နိုင်)၀၅၇၄၆၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ အပါအဝင် ရေ၊ လျှပ်စစ်မီတာနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစန်းမြင့် ၅/မကန(နိုင်)၀၁၆၅၄၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာ ၇/သဝတ(နိုင်)၁၀၀၆၆၆ သည် (၁၁-၄-၂၀၂၅)ရက်တွင်အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချမ်းမြေ့ဦး (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၄)(၁၆-၅-၂၀၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊**
**ရုံးဖုန်း -၀၁-၃၆၄၃၂၉၆၊ ၀၉-၂၆၂၄၅၈၃၉**

---

## အမည်ပြောင်း

ဦးဇော်နိုင်ကို၏ သမီးများဖြစ်သော မြစ်သားမြို့နယ်၊ ကုက္ကိုစုကျေးရွာနေ ကူမဲမြို့၊ သရဖူကိုယ်ပိုင် အလယ်တန်းကျောင်း Grade-4 မှ မစံရတီအား မဖြိုးရတီဟုလည်းကောင်း၊ Grade-2 မှ မမေရတီအား မပိုးအိန္ဒြာဖြိုးဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**မဖြိုးရတီ၊ မပိုးအိန္ဒြာဖြိုး**

---

## အမည်ပြောင်း

ဦးဇော်နိုင်ကို၏သမီး မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မိသားစုကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း Grade-11Cf ဖြေဆိုထားသော မရွှေရတီအား ယနေ့မှစ၍ မထက်ရတီချစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထက်ရတီချစ်

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

**ဒေါ်သန်းညွန့် (Margie Than Pe)**

**B.A, B.Ed (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)**

**အသက် (၉၄)နှစ်**

မန္တလေးမြို့၊ ၈၄လမ်း၊ ကျောက်သွေးတန်းရပ်နေ (ဦးသန်းဖေ-ဒေါ်စိမ်းစိမ်း)တို့၏သမီးကြီး၊ ဦးသန့်ဇင်အောင်- ဒေါ်ရွှေစင်ငွေး၊ ဒေါက်တာ ဦးစိုးညွန့်အောင် O.G (U.K)၊ ဒေါ်ချိုချိုအောင် (UK) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး (၅)ယောက်၊ မြစ် (၁)ယောက်တို့၏ဘွားဘွားကြီး၊ (ဦးငွေးအောင်) တွဲ-ပါမောက္ခ(ရူပဗေဒ)၏ ချစ်လှစွာသောဇနီးသည်(၁၄-၄-၂၀၂၅)ရက် ည (၁၁:၂၅)နာရီတွင် ကွယ်လွန်သွားပါ၍ (၁၅-၄-၂၀၂၅)ရက် နံနက် (၁၁)နာရီတွင် မီးသင်္ဂြိုဟ်ပြီး (၁၆-၄-၂၀၂၅)ရက်တွင် သာကေတမြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေးပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား ညှိုးငယ်သောစိတ်ဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဒေါ်ခင်မာကြူ**

**အ.မ.က(၁) မင်္ဂလာဒုံ(ငြိမ်း)**

**အသက် (၆၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်းသွယ်-၂၊ အမှတ်(၂၅၉)နေ (ဦးချစ်စိန်-ဒေါ်ဝိုင်း) တို့၏သမီး၊ ဦးဇေယျကျော်မျိုးတင့်-ဒေါ်ဝင့်ရွှေရည်တို့၏ မွေးသမိခင်ကျေးဇူးရှင် မဆုသက်ထားရည်၏ အဘွား၊ (ဦးမျိုးညွန့်(ခ)ဦးဆန်နီ) ၏ ချစ်လှစွာသောဇနီးသည် (၁၁-၄-၂၀၂၅)ရက်၊ သောကြာနေ့၊ နံနက်(၃:၀၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၅ရက် (သောကြာနေ့) မွန်းလွဲ(၁၂:၃၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း၊ ကွယ်လွန်သူအား ရည်စူး၍ (၁၅-၄-၂၀၂၅)ရက် (အင်္ဂါနေ့) နံနက်(၇)နာရီမှ နံနက် (၁၁)နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူခြင်း**

**မိုဟာမတ်ရဖီး(ခ)ဦးတင်နိုင်ကြီး(ခ)Ronny**

**အသက်(၆၅)နှစ်**

တောင်ငူမြို့နေ (ဦးကိုကိုကြီး-ဒေါ်ကြည်ကြည်မြ)တို့၏ အထွေးဆုံးသား၊ (ဦးတင်ကြီး)-ဒေါ်နုနုရီ၊ (ဦးမြင့်ကြီး)-ဒေါ်ရီရီမြင့်၊ ဦးခင်မောင်ကြီး-ဒေါ်သန္တာတင်မောင် တို့၏ညီ၊ (ဒေါ်ခင်မူမူကြီး)၏ အစ်ကိုသည် ၁၅-၄-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် (၁၀) နာရီတွင် မန္တလေးမြို့၌ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမားဇ်အပြီး အချိန်တွင် တောင်ဘလူဗလီမှ အေးရိပ်ငြိမ်မွတ်စလင်(မ်) ကဘရ်စတန် ဥယျာဉ်တော်သို့ ပို့ဆောင်ဒဖ်နာပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ငြင်းချက်ထုတ်ရန်ဆင့်စာ**

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**

**မဟာအောင်မြေမြို့နယ်တရားရုံးတော်**

**၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၇**

| | | |
|---|---|---|
| ဒေါ်အေးအေးငွေး | **နှင့်** | ဒေါ်အယ်ကန် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အခန်းအမှတ်(င-၅၀)၊ အားကစားတိုက်ခန်း၊ ၁၀၈-၁၀၉လမ်းကြား၊ ၇၃လမ်း၊ (ဆ) ရပ်ကွက်နေ ဒေါ်အယ်ကန် (ဘ) ဦးဘဘူး(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အေးအေးငွေးက ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်လိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မေလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရောက်ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၀) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

---

**ဦးမောင်မောင်ကြည်**

**အထွေထွေမန်နေဂျာ(ငြိမ်း)**

**ကုန်သွယ်/လယ်ယာ**

**အသက် (၈၀)နှစ်**

မော်လမြိုင်မြို့နေ (ဦးအုန်းကြိုင်-ဒေါ်တင်နု)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်းနှင့် စိတ္တသုခလမ်းထောင့်၊ အမှတ် ၄၂(က)၊ အခန်း F လမ်းထောင့်ခန်းနေ ဒေါ်ကျင်ဟန်၏ ခင်ပွန်း၊ ဦးကျော်သူဦး-ဒေါ်စန်းစန်းထွေး၊ (ဒေါက်တာ ဒေါ်မိမြတ်သူဇာ)၊ မောင်ဇာနည်မောင်-မနှင်းလဲ့လဲ့ဝင်း၊ မနေနီထက်တို့၏ဖခင်၊မောင်ဉာဏ်ပိုင်ထက်၊ မခင်တွယ်တာကျော်၊ မောင်ဘုန်းသစ်ခတို့၏အဘိုး ဦးမောင်မောင်ကြည်သည် ၁၆-၄-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၂၂-၄-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် (၈)နာရီမှ ၁၁နာရီအထိ မယ်ဇီကုန်းလမ်းနှင့် စိတ္တသုခလမ်းထောင့်နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)**

**စဉ့်ကိုင်မြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆**

| | | |
|---|---|---|
| ကိုနေမင်းထွန်း | **နှင့်** | မရွှေမန်းသူ |
| **တရားလို** | | **တရားပြိုင်** |

စဉ့်ကိုင်မြို့နယ်၊ စိုက်ပျိုးရေးကျေးရွာနေ မရွှေမန်းသူ(ဘ)ဦးကျော်လွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုနေမင်းထွန်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စိုင်းအောင်ကျော်စိုး )**
**ဒုတိယမြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

---

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ**

**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၁၉၇**

| | | |
|---|---|---|
| ဦးမျိုးမြင့်ဆွေ | **နှင့်** | ၁။ ဦးရန်အောင် |
| | | ၂။ ဦးဝင်းကို |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့စွဲပါ မဟာအောင်မြေခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် - ၅၈၅ / ၂၀၂၂ ကိုအယူခံမှု။

အယူခံတရားပြိုင် ၂။ ဦးဝင်းကို (ဘ)ဦးထင်အောင် "ရွှေရတီဦး" ဆိုင်ကယ်အပိုပစ္စည်းဆိုင်၊ အမှတ်(၂)ရပ်ကွက်၊ သီတာလမ်းနှင့် နိဗ္ဗာန်လမ်းထောင့်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မဟာအောင်မြေခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဦးမျိုးမြင့်ဆွေက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ပြေပြေအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...**

❖ **၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)



## မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားမည့် Asean All Stars အသင်းတွင် မောင်မောင်လွင် ရွေးချယ်ခံရ

ရန်ကုန် ဧပြီ ၁၇

အင်္ဂလန် နာမည်ကြီးကလပ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားမည့် Asean All Stars အသင်းတွင် မြန်မာ့လက်ရွေးစင်တိုက်စစ်ကစားသမား မောင်မောင်လွင် ရွေးချယ်ခံရသည်။

Asean All Stars အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းသည် မေ ၂၈ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံးမှ စာမျက်နှာ ၁၂ ကော်လံ ၅ ❍

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧပြီ ၁၇

**အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၄၈၉၃ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၃ ဦး၊ စုစုပေါင်း ၄၉၀၆ ဦး တို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။**

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူ ၄၈၉၃ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၃ ဦး တို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ စာမျက်နှာ ၁၄ ကော်လံ ၁ ◆



မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသည့် အကျဉ်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ - မောင်အေးချမ်း

## လေပွေလှိုင်းများ၏ အရှိန်ကြောင့် အချိန်အခါမဟုတ် မိုးရွာနိုင်

ယနေ့ညနေမှ ၂၁-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




နေပြည်တော် ဧပြီ ၁၇

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ ညနေမှ စာမျက်နှာ ၁၂ ကော်လံ ၁ ❊

**ယနေ့ သတင်းအညွှန်း**

**အစွရေးတို့ ထိုးစစ်ကြောင့် ဂါဇာတွင် လူပေါင်း ၅၀၀၀၀၀ ကျော် နေရပ်စွန့်ခွာ** နိုင်ငံတကာသတင်း စာ ၂၄

**တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ** ပြည်တွင်းသတင်း စာ ၂၉

